
စိတ်ကူးချိုချိုစာစုပညာ

မြန်မာနိုင်ငံစာပေဖြန့်ပွားရေးအသင်း

# စိန္တကျော်သူ



ဒုတိယအကြိမ်

mgyoe.com

ကနီ-ဦးလူညွန့်၊ ဦးသုဒဿန၊
ရွှေကိုင်းသား၊ ကုသ၊
မြကေတု၊
မြန်စာဂုဏ်ကျော်မြင့်၊
ဦးသော်ဇင်၊ လေးမြိုင်၊ ဘဝင်း၊
မောင်ကျောက်တိုင်၊ မာဃ၊
မြတ်သာနော်၊ ရဝေထွန်း၊
ပါရဂူ ၊ မောင်သော်၊
နှစ်ဖက်လှ၊
ဦးမောင်မောင်တင်၊
မောင်ကြော့စိန်၊ ဒဂုန်ဦးလှဘေ ၊
နန်းညွန့်ဆွေ၊
မောင်ကြည်ရှင်၊
နုသဇင် ......

**စသူတို့၏**

# စိန္တကျော်သူ

မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းက စိစဉ်ထုတ်ဝေခဲ့သော

# စိန္တကျော်သူ

**ယခုစာအုပ်အပါအဝင် မြန်မာဂန္ထဝင်စာပေပညာရှင်ကြီး ၉ ဦး၏ စာပေဂုဏ် ပညာသမာဂုဏ်ကို စုစည်းထားခဲ့ကြသော စာ ၉ အုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းအတွက် ပြန်လည်စီစဉ် ထုတ်ဝေပေးခြင်းဖြစ်ပါသည်။**

mgyoe.com
kls0097
2,200.00 KS

mgyoe.com

စိန္တကျော်သူ
မျက်နှာဖုံးပန်းချီ - ကျော်ဖြူစံ
စာမျက်နှာ ၁၆၂+ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၁ မြန် စာ ပြန့် စာရင်းအဖြစ် တကောင်းစာပေထုတ် ပထမအကြိမ်၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# စိန္တကျော်သူ
## (၁၀၉၈-၁၁၃၃)

ကုန်းဘောင်ခေတ်စာဆိုတော် စိန္တကျော်သူဦးဩ
အနှစ် ၂၀၀ မြောက် ကွယ်လွန်နေ့
အထိမ်းအမှတ်အဖြစ်ထုတ်ဝေခဲ့သည့်စာအုပ်

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းအတွက်
စိတ်ကူးချိုချိုမှ စီစဉ်ရိုက်နှိပ်သည်။

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

‘အနုပညာ စာပေမှာ
ပေါင်းလှာဝပ်စင်း ယဉ်ကျေးခြင်း’

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| - | တကောင်းဝါဒ တင်ပြပါသည် | | (က) |
| - | နိဒါန်း | | (ဂ) |
| - | စိန္တကျော်သူ ဆွေစဉ်မျိုးဆက်ဇယား | | (င) |
| ၁။ | စိန္တကျော်သူ ဝန္ဒနာသံချို | ကနီ-ဦးလူညွန့် | ၁ |
| ၂။ | မောင်းထောင်ဘွဲ့ မဟာလေးချိုးကြီး | ဦးသုဒဿန | ၆ |
| ၃။ | စွယ်စုံသုခမိန် | လေးမြိုင် | ၉ |
| ၄။ | မြန်မာအဘိဓာန် | ဦးသော်ဇင် | ၁၅ |
| ၅။ | ကုန်းဘောင်ခေတ် လူရည်ချွန် | ဘဝင်း | ၂၀ |
| ၆။ | စကားနိမိတ် အရိပ်ထွက်ပေါ် စာဆိုကျော် | မြကေတု | ၂၄ |
| ၇။ | စိန္တကျော်သူ ဦးဩ၏ ရတုလက်ရာ | မြန်စာဂုဏ်-ကျော်မြင့် | ၃၁ |
| ၈။ | ဦးဩ၏ အတွေးအခေါ် | မောင်ကျောက်တိုင် | ၃၉ |
| ၉။ | အိန္ဒိကာရန် ဝေါဟာရစံချိန် | မာဃ | ၄၅ |
| ၁၀။ | စိန္တကျော်သူ၏ မှတ်တမ်းတင်ရတုများ | မြတ်သာနေ | ၅၃ |
| ၁၁။ | နှစ်ခေတ်နှစ်ဖြစ်နှင့် နှစ်ဘွဲ့ခံစာဆို | ရဝေထွန်း | ၆၃ |
| ၁၂။ | စိန္တကျော်သူ ဦးဩနှင့် ဩဝါဒထူးပျို့ | ရွှေကိုင်းသား | ၇၀ |
| ၁၃။ | သတ်ပုံလော စွယ်စုံလော | ပါရဂူ | ၇၈ |
| ၁၄။ | ဦးဩနှင့် စိန္တကျော်သူ | မောင်သော် | ၈၃ |
| ၁၅။ | အလိမ္မာ စာမှာရှိသည်-ဦးဩ | နှစ်ဖက်လှ | ၈၈ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ ဝါဆိုစဉ်ရကန် | ဦးမောင်မောင်တင် | ၉၃ |
| ၁၇။ စိန္တာကဝိ | ကုသ | ၉၆ |
| ၁၈။ ကလိမ်ချုံတွင် ခုံခုံမင် | မောင်ကြော့စိန် | ၁၀၃ |
| ၁၉။ ဆရာ့ကျေးဇူး | ဒဂုန်-ဦးလှဘေ | ၁၁၀ |
| ၂၀။ တော်လှန်ရေးစာဆိုကြီး ဦးဩ | နန်းညွန့်ဆွေ | ၁၁၆ |
| ၂၁။ ကုန်းဘောင့်ဝေဘူမျက် | မောင်ကြည်ရှင် | ၁၂၂ |
| ၂၂။ ကန်တော့ပန်း | နုသဇင် | ၁၃၆ |
| ၂၃။ ပင့်ရစ်သတ်ပုံကျမ်း | စိန္တကျော်သူ ဦးဩ | ၁၃၇ |
| - နိဂုံး | | ၁၆၂ |


■

mgyoe.com

mgyoe.com

# တကောင်းဝါဒ တင်ပြပါသည်

မြန်မာစာပေသမိုင်းတစ်လျှောက် ထွန်းတောက် ကျော်စောခဲ့သော မြန်မာစာပေ၏ ကျေးဇူးရှင် စာဆိုတော်ကြီးများကို ထုတ်ဖော်ချီးကျူးရန်၊ ဂုဏ်ကျေးဇူးကို ပေးဆပ်ရန်မှာ တကောင်းစာပေ၏ ဝါဒပင်ဖြစ်သည်။ ထို့ကြောင့် တကောင်းစာပေ၏ ဆဋ္ဌမမြောက် ဒေါင်းမြီးကွက်အဖြစ် ဤမည်သော 'စိန္တကျော်သူ' စာပေကျမ်းကို ထုတ်ဝေလိုက်ရပေသည်။

မြန်မာကဗျာနှင့်စပ်သော ဇာတိမာန်၊ နိုင်ငံထူထောင်ရေးနှင့်စပ်သော အမျိုးသားရေး၊ အမျိုးဘာသာ သာသနာတော်နှင့်စပ်သော စာပေ၊ ယဉ်ကျေးမှုတို့ကို ဖော်ထုတ်ရန် 'စိန္တကျော်သူ'သည် ကြီးမြတ်သော၊ လုံလောက်သော 'မဟာကဝိ'ဖြစ်၏။

ယနေ့ မြန်မာကဗျာနှင့် စပ်ထုံးစပ်အင် ချွတ်ယွင်းတိမ်းယိမ်းမှုကို 'စိန္တကျော်သူ'က တည့်မတ်ပေးနိုင်ပါစေဟု ကျွန်ုပ်တို့ ရည်ရွယ်ပေသည်။ နိုင်ငံထူထောင်ရေးတွင် 'ရတနာသီခ ကုန်းဘောင်ပြည်ကြီး' ကို အာဒိကမ္မိက အစတည်ဖန်သော 'အလောင်းမင်းတရားကြီး' က လမ်းညွှန်လိမ့်မည်ဟု မျှော်လင့်သည်။ စာဆို၏ ဩဝါဒထူးပျို့က လမ်းပြလိမ့်မည်ဟု ယူဆသည်။ ယနေ့ ဖြစ်ပေါ်နေသော မြန်မာအဘိဓာန်ပြုစုရေး၊ သတ်ပုံကျမ်း ပြုစုရေးအတွက် စာဆို၏ ပင့်ရစ်သတ်ပုံ သံပေါက်များက ကြီးစွာသော အထောက်အပံ့ကို ပေးလိမ့်

mgyoe.com

mgyoe.com

မည်ဟု ယုံကြည်သည်။

ထိုမျှသော ယုံကြည်မျှော်လင့်ချက်ဖြင့် 'စိတ္တကျော်သူ'စာပေကျမ်းကို ကျွန်ုပ်တို့ ထုတ်ဝေပါကုန်၏။

စာဆိုကွယ်လွန်အနိစ္စရောက်သည်မှာ ဤသက္ကရာဇ် ၁၃၃၃ ခုနှစ်တွင် နှစ်ပေါင်း ၂၀၀ တိတိ ပြည့်လေပြီဟု ပညာရှင်တို့ မိန့်ဆိုကြသည်။ ထိုမည်သော စိတ္တကျော်သူ ကွယ်လွန်သည့် အနှစ် ၂၀၀ မြောက် ဤအခါတွင် စာဆိုအား ကျေးဇူးဆပ်ခြင်း၊ ဂါရဝပြုခြင်းငှာလည်းကောင်း၊ တိုင်းပြည်အတွက် မုချလိုအပ်သော မွန်မြတ်သည့် လက်ဆောင်ကောင်းတစ်ခုကို ပေးခြင်းငှာလည်းကောင်း ကျွန်ုပ်တို့သည် စွမ်းနိုင်ခဲ့ပြီဟု နှစ်သိမ့်နိုင်မည်ဖြစ်သတည်း။ ။

တိုင်းပြည်၏မေတ္တာကို ခံယူလျက်ရှိသော
**စာပေယဉ်ကျေးမှုအနုပညာအဖွဲ့ခွဲ**
**တကောင်းစာပေ**

mgyoe.com

mgyoe.com

## နိဒါန်း

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းသည် စာပေယဉ်ကျေးမှု အနုပညာဆိုင်ရာ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း၊ စာအုပ် ထုတ်ဝေခြင်းတို့ ပြုခဲ့သည်မှာ ယခုအခါ တစ်ဆယ့်နှစ်နှစ်တို့ ကာလ ပတ်လုံး ကြာမြင့်ခဲ့လေပြီ။

အသင်း၏ စာစဉ်တစ်ခုဖြစ်သော အနုပညာလောက စာစဉ် ကို အမှတ် ၃ အထိ ထုတ်ဝေခဲ့ပေသည်။ လယ်တီပဏ္ဍိတ၊ ဝတို့ဌာနီ၊ ဦးပုည၊ မြဝတီမင်းကြီး၊ ရှင်မဟာရဋ္ဌသာရ၊ ကျော်အောင်စံထား ဟူ သော စာအုပ်များကို ထုတ်ဝေခဲ့သည်။ ယခု 'စိန္တကျော်သူ' စာပေ ကျမ်းကို ထုတ်ဝေနိုင်ပြန်ပေပြီ။

အထိမ်းအမှတ် အခမ်းအနားတို့တွင် လယ်တီပဏ္ဍိတ ကွယ် လွန်သည့် ၂၅ နှစ်မြောက်၊ စိန်ဗေဒါ ကွယ်လွန်သည့် ၂၅ နှစ်မြောက်၊ အင်းဝ အနှစ် ၆၀၀ ပြည့်၊ နန်းတော်ရှေ့ ဆရာတင်နှင့် ရွှေတိုင်ညွန့် ဂီတသရုပ်ဖော် ဟောပြောပွဲ၊ ဦးပုည နှစ် ၁၅၀ မြောက်၊ ဘိုးဝဇိရ အနှစ် ၁၂၀ မြောက်၊ မြဝတီဦးစ အနှစ် ၂၀၀ မြောက်၊ ရှင်မဟာရဋ္ဌ သာရ အနှစ် ၅၀၀ မြောက်၊ စာဆိုတော်နေ့ ငွေရတုသဘင်၊ ဝေါဟာ ရတ္ထပကာသနီ ကျမ်းသက် နှစ် ၂၀၀ မြောက် ဟူသော အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ပွဲများကို ကျင်းပ ပြုလုပ်ခဲ့ပေသည်။ ဤနှစ် အဖို့ကား စိန္တကျော်သူ ကွယ်လွန်သည့် အနှစ် ၂၀၀ မြောက် အထိမ်း အမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ပွဲကို ၁၃၃၃ ခုနှစ် နတ်တော်

mgyoe.com

mgyoe.com

လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင် ဘုရားလမ်း ရာမာကရစ်ရှ်နာ အသင်းတိုက် ခန်းမဆောင်တွင် ကျင်းပ လျက် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဆရာ ဦးမောင်မောင်ကြီး (မဟာဝိဇ္ဇာ) က စာဆိုတော် စိန္တကျော်သူ ဦးဩနှင့် သူ၏စာပေများအကြောင်းကို ဟောပြောခဲ့ပေသည်။

စိန္တကျော်သူအထိမ်းအမှတ် စာအုပ်ထုတ်ဝေခြင်းနှင့် အခမ်း အနား ကျင်းပခြင်းပြုရာတွင် ပေါရာဏာဒီပနီ (ပထမတွဲ) တွင် လာရှိ သော မော်ပီဆရာသိန်းကြီး အဆိုအမိန့်နှင့်၊ ထိုအဆိုကို ထောက်ခံ သည့် မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိထွက် အယူအဆ တို့ကို ကိုးကား၍ ဤ ၁၃၃၃ ခုနှစ်တွင် စိန္တကျော်သူ ဦးဩ ကွယ်လွန် သည်၏အဖြစ် အနှစ် ၂၀၀ ပြည့်မြောက်ခြင်းကို မြန်စာပြန့်က သတ် မှတ်လိုက်ခြင်း ဖြစ်ပေသည်။

ဤ 'စိန္တကျော်သူ' စာပေကျမ်း ထွက်ပေါ်နိုင်ရေးအတွက် စာမူများကို မေတ္တာ စေတနာ ရှေ့ထားလျက် ရေးသားချီးမြှင့်ကြ ကုန်သော စာရေးဆရာကြီးများအား မြန်စာပြန့်က အထူးတလည် ကျေးဇူးဥပကာရ တင်ရှိပါကြောင်းကို သီးသီးသန့်သန့် ဖော်ပြမှတ် တမ်းတင်ရပေသည်။

ထို့ပြင် တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်မှုအဖြစ်သို့ မရောက်မူခဲ့ဖူး သော စိန္တကျော်သူ ဦးဩ၏ 'ပင့်ရစ်သတ်ပုံကျမ်း' ကို ဤစာအုပ်တွင် ထည့်သွင်းဖော်ပြခွင့်ပြုပေသော ဤအသင်း၏ ဒုတိယ ဥက္ကဋ္ဌ ဝဏ္ဏ ကျော်ထင် ဦးသာတင် (စာရေးဆရာကြီး မာဃ) အားလည်း အထူး ကျေးဇူးတင်ရှိကြောင်း ဖော်ပြမှတ်တမ်းတင်ပါသည်။ ။

စာအုပ်ထုတ်ဝေရေးအဖွဲ့

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း

mgyoe.com

mgyoe.com

# စိန္တကျော်သူ ဦးသြ၏ ဆွေစဉ်မျိုးဆက်ဇယား

စိန္တကျော်သူ+ဒေါ်ကေး (ပထမဇနီး)

|

သား-ဦးအို

|

သမီး-ဒေါ်လုံကလေး

|

သမီး-ဒေါ်ရွှေလ

|

သမီး-ဒေါ်ဖြိုး

|

သမီး-ဒေါ်လှသူ

ဒေါ်အေးညွန့် ဒေါ်အေးဆင့် ဒေါ်အေးမြင့် ဦးစံထွန်း

(ဒေါ်အေးညွန့်၏ သားသမီးများ)

ဦးတင်အောင် မသန်းရင် မသန်းတင် ဦးတင်ဖေ မခင်လတ် မခင်တုတ် မသန်းဆွေ ကိုဖေသွင် မတင်ကြည်

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စိန္တကျော်သူ ဝန္ဒနာသံချို

ကနီ-ဦးလူညွန့်

၁။ တောင်သပြေ အောင်မြေချက်မှာလ
ဖောင်စကြာခြေတော်တင်လို့
သမိုင်းတွင် တိုင်းခွင်လှည့်စဉ်က
မင်းမဏိ စည်သူ၏
တည်တော်မူ စံဌာနပေမို့
သံဃ ရာဇာနှစ်ဆူနှင့်
ပါရဂူ အတူမရှိနိုင်တဲ့
လူကဝိစုံ ပွားကာလောင်းပေသည့်
ရှာမောင်းမြေ သာရွှေထောင်က
အရှေ့နောင် ထူးဒေသတွင်မှ
ဦးဇေယျ ပဝေကံကြောင့်
ဂဟောနှံ့ အဖော်ပြုပေခဲ့
ဒေါ်ပုမေ ဝမ်းကြာတိုက်တွင်မှ
နန်းဘမရာထိုက်သူ သန္ဓေယူလို့
ပမေတူ ဝေဘူမျက်ကယ်သို့
မြင်မျက်နှာ သက်လျာချောကိုလ

mgyoe.com

မောင်သြ ဆောင်သညာနှင့်
တထောင်မှာ ဖြိုးကြွယ်လှစ်ပါတဲ့
ကိုးဆယ်ရှစ် သက္ကရာဇ်တွင်၊ ။

၂။ ဖွားမြင်မျှော် ရင်တော်သားကိုလ
စကားပီ နားလည်စပေပ
ဒေသတွင် ငယ်စဉ်အခါက
ပညာရှာ အခြေပွားရန်ဘို့
ရွှေဓားကန် သမိုင်းပေါ်ချုပ်ပေသည့်
ဂိုဏ်းအုပ်တော် ရှင်စန္ဒရယ်နှင့်
ဂုဏ်သာ ဆရာကဝိထံသို့
ခါနိယံ အပ်ကာထားပေကြ
ဝပ်တွားစွာ သင်ရှာစေခဲ့
သာသနေ အဝါရေလွှမ်းပြန်တော့
စာပေကျမ်းဂန် သဒ္ဒါအခြေနပ်စေဘို့
သာမဏေမြတ်ကို ခေါ်ဆောင်ပြန်လို့
ကျော်အောင်စံထားဆရာကဝိထံသို့
တလှည့်တဖန် တပည့်ခံအပ်သော်ကြောင့်
ပိဋကမြတ်ကို ဖွေသင်ပါရ
ဗေဒင်အရာ နေမြင်လပေပ
သက္ကဋ ဘာသာတသွင်နှင့်
ရာဇဝင် ကျွမ်းကျင်တတ်ပါဘိ
ကမ်းခတ်ဂုဏ်အင်၊ ။

၃။ စာပေတွင် အခေါင်ကြောပါလို့
မောင်သြ ပညာရှိပုံက
ဇာတိသယံ သမ္မာအလျှံထင့်
အာရမဏ် တွေးကာညှိပါတဲ့
အာစရိ ဆရာမထေရ်က

mgyoe.com

mgyoe.com

သာမဏေ လူဝတ်ပြောင်းစေ၍
သူကောင်းအမွေ ကံပါရမိမို့
ဟံသာဝတီပါ ဘုရင်ဆက်သော်ကြောင့်
ကနက်ပျော် မင်းခေါင်သတိုးတွင်မှ
ရိုကျိုးစွာ မှုတော်ထမ်းပါရ
ရွှေနန်းရှင် နရာသဘာရယ်က
ရာဇကျော် ရွှေတောင်ဟု
အသရေဆောင် ဘွဲ့တဆူသနားပြန်ခဲ့
မှုထားရန် စဉ်အလာပ
လက္ခဏာ သတ်ပုံကျမ်းမှာတော့
ဘုံနန်းပါ လွှတ်တော်သုံးပေရ
ပြည်ကုန်းဘောင် ကန်နန္ဒာနှင့်
မင်းနန္ဒာ ရှင်မွေ့နွန်းတို့
ဖွဲ့ညွှန်းပုံ အလီလီပ
စစ်တကျ်ချီ မှုတထွေမို့
ရွှေကျေးစေ လင်္ကာယင်လို့
ရာဇဝင် စေ့ကာချဉ်းရန်ဘို့
မင်းဆက်စဉ် လင်္ကာရေးရှာခဲ့
ယဉ်ကျေးစရာ မနောသဒ္ဒါကြွပြန်လို့
ဩဝါဒ အမည်ပို့ပေမို့
ဤသို့တစေ ဂုဏ်ထင်ပြောင်ခဲ့
စုံလင်အောင် မဖော်ညွှန်းသာဘူး
မော်ကွန်းတင် ကျမ်းရတနာပလဝတွေတို့
ငြိမ်းပမာပြ မှုပေါ်ထင်
တူသော်ယှဉ်မှာလ မရှက်ထိး၊ ၊

၄။ အင်းဘမရာ ဟင်္သာဆင်းစဉ်က
ကံယွင်းယို ပဟိုရ်ပေါက်ပါလို့
ခလောက်ဆံ မငြိမ်လျှင်းသော်ကြောင့်

mgyoe.com

mgyoe.com


မင်းဟံသာ ဝတီပါခဲ့
မှီစရာ အရှင်ကင်းပေရ
သနင်းဆွေ မင်းခေါင်သတိုးမှာတော့
ငြိုဟ်ဆိုး ကြမ္မာငင်လို့
မရဏခွင် ဝင်ကာလျှောပြန်တော့
လောကစံ မနာသီနှလုံးရယ်နှင့်
ပြည်ကုန်းဘောင် ပြောင်းကာသွားရှာလို့
အလောင်းဘုရားထံ ခိုဝင်ပါရ
စဉ်အလာ နောင်တော်ကြီးသာပ
ဆောင်ထီးဖြူ ရာဇပလ္လင်နှင့်
ဆင်ဖြူရှင် တဆင့်ဖူးစြိန်ခဲ့
စဉ့်ကူးတတန် ဘိုးတော်ဘုရားထံသို့
ကြိုးအားသန် စေတန်နှင့်
ရဝေစံ ခြောက်ကြိမ်ဆက်တိုင်ထိ
ကျက်သရေ ခေါင်အမော်ပ
ရွှေတောင်ကျော် ရာဇာနှင့်
သင်္ချာ မဟာဇေယျပါတဲ့
စိတ္တ ကျော်တလီမို့
ဘွဲ့သုံးမည် ခံယူလျှင်းပေလို့
သတင်းကြေ အတွင်းရဝေသုံးစေဘို့
ရွှေဘုန်းတော် ခိုလှုံကာပ
ဘုံဓမ္မတာ တရားကိုယ်က
သတ္တဝါထိုထို ခန္ဓာကိုယ်ရှိလျှင်ဖြင့်
ဇာတိ ဇရာမို့
ဗျာဓိမရဏာ မဖယ်မပြေးသာလို့
မယ်ကေး တဖြာနှင့်
မယ်မင်းသာ ချစ်ဇနီးတွေတို့
ပစ်ပြီးကာ ဘဝပြောင်းရှာသမင့်
ပေါင်းသဟာ ဆွေညာတကာနှင့်

mgyoe.com

mgyoe.com

ဝေနေယျာ အသိဖြိုးစေဘို့
ပြည့်အကျိုးကို ထမ်းကာသွားသူမို့
ကျမ်းများစွာ အမွေချန်ခဲ့
ပြေမြန်တွင် မတိမ်ကောနိုင်ဘူး
ချိန်ဂေါစာ နှစ်ရာမြောက်ချေပေါ့
ခါနောက်နောင် ကမ္ဘာတွင်လိမ့်
ထာဝစဉ် ရာဇဝင်မဆွေးနိုင်ဘူး
ကျေးဇူးရှင်ကြီး။ ။

စာပြီးနှစ်–၁၃၃၃

mgyoe.com

mgyoe.com

## စိန္တကျော်သူ့ ဇာတိ
### မောင်းထောင်ဘွဲ့ မဟာလေးချိုးကြီး

ဦးသုဒဿန

၁။ အကြောင်းပြဆောင် မှန်စွာလင်းရမှာဖြင့်၊ မောင်းမတထောင် စံရာရင်းပေမို့၊ ဒေါင်းအလှမောင် ဖလ်ဝါလင်း သလိုပေါ့၊ မြန်မာအတွင်းမှာဖြင့် သာပြီးသရေ ပေါင်းဆောင်၊ ၊ ဩော်–နဘံ အဇ္ဈောသနင်း ပျံကာဆင်းပါလို့ ဖန်လာခြင်းလိုပေါ့ (ကျုပ်တို့ရဲ့) ရွာကြီး ရွှေမောင်းထောင်၊ ၊

၂။ အပေါင်းသိစရာ ရွှေစာလင်းရမှာဖြင့်လေ၊ တကောင်းအဘိရာဇာ ဧကရာမင်းတို့မှ၊ မြေပထဗျာအတွင်း မြန်ပြည်ကျော်တဲ့၊ အထွေထွေရာဇာသနင်း ပုဂံပြည်တော်၌၊ စံကြည်ပျော် ငါးဆယ်ငါးတွင်မှ၊ နံမည်ကျော် တပါးဝယ်တပါးပေမို့၊ ဘုရား ဘဂဝါ ထားသာသနာနှစ်ထောင်တွင်းမှာလ၊ တရားအလာ နားတကာဆောင်ဆောင်ကျင်း စေဘို့၊ ရှေးရိုးအလာ တေးမျိုးကဗျာသီချင်းတွေနှင့်၊ လေးချိုးဆရာ ရှေးသတိုးရာဇာ ခင်းပြမယ်၊ တွက်စစ်ရှင်းသော် နားမှာဆုံးကွယ်မပျောက်စေဘို့၊ သက္ကရာဇ် အရှင်း နော် ငါးရာသုံးဆယ်ခြောက်တွင်မှ၊ ရောင်တောက် သာသနာ လျှံကြည်မော်တဲ့၊ မှောင်ပျောက် သာယာ ပုဂံပြည်တော်၌။ မြန်ပြည်ပေါ် မဆွအတိ ကြည်ဖြူလင်းပါ တဲ့၊ နံမည်ကျော် နရပတိစည်သူမင်းရယ်နှင့်၊ ကံချင်းမသွေမှုအညီ ထိပ်ထားပေမို့၊ စံရင်းဝေဠုဝတီ နိပ်တစ်ပါးရယ်တို့၊ စုလျားအတူခြံ ဆန်းပျော်ချက်တွေနဲ့၊ နှစ်ပါးအတူစုံ နန်းတော်အတက်မှာလ၊ တွက်ချက်ရင်ပြောတာ နားမှာကြားဘွယ် တိုးစေဘို့၊ ဆက်ဆက်ပင် ကောဇာ ငါးရာ့ငါးဆယ်ကိုးတွင်မှ၊ မောက်ဖြိုးကာ

mgyoe.com

mgyoe.com

သစ်အများတွေနဲ့၊ အပေါက်မျိုးမှာ ရှစ်တံခါးပေပေါ့၊ မှတ်သားစရာ ချဲ့ညွှန်လို့ ထပ်ရမှာဖြင့်၊ ရပ်ခြားကာ တစ်ဆယ့်ခုနစ်ရပ်ရယ်နဲ့၊ ထွား ဒြပ်မပြတ်တင့်ပါလို့၊ ကြားမလပ် အကြပ်အနင့်ပါဘဲ၊ နတ်အဆင့်လိုပေါ့ သရေပေါင်း ကြည်လင်ပြောင်။ (ဩော်) – ဒြပ်မြင့်ပါတဲ့ မြတ်ဘုရင့်တွေနဲ့ အမှတ်သင့်စေဘို့ ရွှေမောင်းတည်ထွင် ဆောင်၊ ။

၃။ ယခင်လေ့ယခင်လေ ထင်စွာသိပေတော့၊ ဘုရင်တွေ့ ဘုရင်တွေ တင်ပဏ္ဏာရိုကြတဲ့၊ အစဉ်ပေ့အစဉ်ပေ ပညာရှိတွေက၊ မြင်ရာသိကြပေသမို့ သရေပေါင်း ဆောင်၊ (ပြည်သူတို့ရေ...) နေဒေါင်းမောင်းလိုပေါ့ အဟုတ်ကျော်ကြား၊ ။(ဩော်) ရွှေမောင်းထောင်ရယ်လို့ အခြေကောင်းအောင်ပေါ့ ငွေမောင်းတထောင်နဲ့ သမုတ်ခေါ်သား၊ ။

၄။ သမ္မာတော် ဒြပ်ဂုဏ်တင့်ပါတဲ့၊ ဆရာတော် အမတ်အစုံ မလင့်ခဲ့ပါဘူး၊ ဆင့်အဆင့် ရှိန်အစော်နဲ့၊ မြင့်အမြင့် ဝတိန်ကျော်လို့ပေါ့၊ အကျိုးပေါ် သွေဖီမမှားရအောင်၊ တန်ခိုးတော် ဝေစီထွားပါတဲ့၊ ပုထိုးတော် စေတီဘုရားရယ်က၊ ကျော်ငါးရာ ဇမ္ဗူမှာ အသိပေမို့၊ အပေါ်သိကြားရှာ စူဠာမဏိလိုပေါ့၊ ပူဇာဘိ အရှေ့အစဉ်ကောင်းစေဘို့၊ ဖြူဖွေးစွာရှိ သရေလွှင်မစောင်းပါတဲ့၊ လေတင်ကျောင်း မာရ်အောင်မြင်က၊ ရွှေစင်လောင်း လျှံပြောင် ထင်လို့ပေါ့၊ ရွှင်ရွှင်မြွက်ဖော်ပြ တပါးမူကြားရလျှင်၊ ရှင်ပင်သက်တော်ရ ငါးဆူဘုရားငဲ့ပြင်၊ တစ်ပါးမူ သရေဂုဏ်ဖြာတဲ့၊ ဘုရားတဆူ ရွှေဘုံသာပေါ့၊ ရွှေစုံစွာ သရေထိန်ပေါ်သည့်၊ ဝေထုံပါ ရွှေသိမ်တော်ငဲ့ပြင်၊ အစိန္တေယျော် ကွမ်းတောင် ဘုရားမှာလ၊ သိရိသရေပေါ် လျှမ်းရောင်ထွားပါဘိ၊ ထားသဒ္ဓါမျိုးအပေါင်းအကျိုးရစေဘို့၊ ဘုရားမှာ မိုးကောင်း ပုထိုးမကပါဘူး၊ တမျိုးပြ ဘဂဝါသခင်တဆူမတော့၊ တန်ခိုးကြွ ရတနာမဥ္ဇူနဲ့၊ မဆွမူ အမှတ်ထားစေဘို့၊ တဝဂူ မြဘုရားငဲ့ပြင်၊ မှတ်သား စရာ နဂါးရုံရွှေဂူမြတ်ရယ်နှင့် မြတ်ငါးရာ ဘုရားကုန် ရေသူမှာ မမှတ်နိုင်၍ တဇာတ်ဖော် လျှံထွားပါတဲ့၊ ဒြပ်ပေါ်ကန် အများမှာလ၊ အမှန်အား ပညာသရယ်လို့၊ တရံမမှား ထင်စွာပြရလျှင်၊ နန္ဒာတရှိမှု အမှန် ပေါ်မိုးရန်တဝပေပေါ့၊ ဘလ္လာတိယ ကန်တော်ကြီး ကန်မတို့မှာ၊ ပျံကြဲဝဲကြ ရေပြင်ပေါ်၌၊ ဟန်ပြန္တကြ ရွှေဇင်ယော်ငဲ့ပြင်၊ တအော်အော် ရွှေဇီဝဖိုး တွေနဲ့၊ တပျော်ပျော် ရွှေပြည်စိုးငယ်တို့၊ ငှက်မျိုး စာအစုံနဲ့၊ ဆရက်ချိုး ဘမရာ တဖုံပေါ့၊ မာလာရုံ ဝေဆာဆန်းပါဘိ၊ ကြာဗဒုံ ပေဒါပန်းတွေက၊ အုံ့ဘာနန်း

mgyoe.com

mgyoe.com

အဆိုင်ဆိုင်နဲ့၊ အနံ့သန်းတကြိုင်ကြိုင်ကြောင့်၊ ရဂုံမြိုင် ဟောဝန်နန်းလိုမို့၊ ထုံအလှိုင် လေအလွှန် ဖျန်းလို့ပေါ့၊ နေရိရိ ရွှေရည်သန်းပြန်တော့၊ ရွှေမနသီ စေတီမှန်းလို့ရယ်၊ ဆန်းထူးရာ ကောင်းအောင်ယူလို့မို့၊ ပန်းခူးကာ မောင်းထောင်သူတို့၊ ပြည်အငှ အမတပြေတောင်းပါလို့၊ ကြည်ဖြူဖြူ မြရွှေတကောင်းကိုလ၊ ညနေ စောင်းလျှင် ကိုယ်စီကိုင်လို့မို့၊ ပြိုင်အဆိုင် ဆွေသဟာအပေါင်းတွေနဲ့၊ တမြိုင်မြိုင် စေတနာ ကောင်းပါ၍၊ အထူးပင် မြူးရွှင်ကြောင်းပေမို့၊ ဖူးအရှင် ဦးတင်ညောင်းပါပေါ့၊ ယှက်ဆောင်းသွယ်ဖြာခြံလို့မို့၊ လက်ချောင်းဆယ်ကြာပဒုံနှင့်၊ ကြည်ယုံကာ လွှန်မြတ်နိုးလို့ရယ်၊ သြော်–အကျိုးထက်လှအောင် ရည်စိတ်သန်ထားကြပေတော့၊ (ပြည်သူတို့ရယ်...) အဘိုးအနဋ္ဌ မိုးအထက်မက တိုးတက်လှပေသမို့ တန်ခိုး ထွက်လှတဲ့ ပြည်နိဗ္ဗာန်အသွား။ ။

စာပြီးနှစ်–၁၃၃၃
(မောင်းထောင်ရုပ်လုံးဖော်ဋီကာမှ။)

mgyoe.com

mgyoe.com

# စွယ်စုံသုခမိန်

လေးမြိုင်

စိတ္တကျော်သူသည် အသက် ၁၅ နှစ်ရွယ်တွင် ကဝိလက္ခဏာ သတ်ပုံကျမ်းကြီးကို ရေးသား ပြုစုသည်ဟု မှတ်သားရပေသည်။

ယင်းသည့် အမှတ်အသားကို ကျွန်တော် ဘဝင်မကျခဲ့ပေ၊ ၁၅ နှစ်သား ပုဂ္ဂိုလ် တစ်ဦးက ဤသို့သော ကျမ်းကြီးတစ်စောင်ကို ရေးသား ပြုစုနိုင်ပါမည်လားဟူ၍ ဘဝင်မကျနိုင်ခြင်း ဖြစ်လေသည်။

ကျွန်တော် ၁၉ နှစ်သား အရွယ်တုန်းက ကဝိလက္ခဏာ သတ်ပုံကျမ်းကို စတင် ဖတ်ရှုခွင့်ရခဲ့၏၊ ဖတ်ရှုရင်းက နှစ်ခြိုက်လှသဖြင့် အကြိမ်ကြိမ် ဖတ်မိတော့၏။ သို့သော် ဆိုလိုရင်းအနက် အဓိပ္ပာယ်တို့ကို ကုန်စင်အောင် မသိခဲ့ပါလေ။ ယနေ့တိုင်အောင် ထို ကဝိလက္ခဏာကျမ်းကို လက်ကိုင်ပြုကာ ဖတ်ရှု လေ့လာရတုန်းပင်ဖြစ်၏။ ယနေ့တိုင် လည်း ကဝိလက္ခဏာကျမ်း၏ ရည်ညွှန်းချက်တို့ကို စုံလင်အောင် အလှမ်းမမီသေးပေ။

ကဝိလက္ခဏာကျမ်းသည် လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း၊ ပညာ ဗဟုသုတပြည့်ဝသော စွယ်စုံ ဟင်းလေးအိုးကြီးပေတည်း။

ထိုကျမ်း၌ ပိဋကတ်သုံးပုံလာ အကြောင်းရပ်မျိုးစုံလည်း ပါရှိသည်။ ဖြတ်ထုံးဓမ္မ သတ်နှင့်သမိုင်းဝင်တို့ကို မွှေနှောက်ဖော်ပြထားသည်မှာလည်း ထင်ရှားသိသာနိုင်ပေသည်။ ထို့ပြင် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ နက္ခတ်၊ ဗေဒင်သျှတ္တရကျမ်းများနှင့်တကွ ရှေးဟောင်းပို့ လင်္ကာ မော်ကွန်း အစောင်စောင်ကို မှီငြမ်းပြုသော ရေးသားဖော်ပြချက်များကိုလည်း တွေ့ရှိရပေသည်၊ ရေမြေတောတောင်၊ ရပ်ရွာဒေသ၊ လူမျိုးစု၊ လူ့သဘာဝ၊ ကာလဒေသ ပယောဂ၊ အခန်းကဏ္ဍ အစုံစုံကို ထိုကဝိလက္ခဏာသတ်ပုံကျမ်း၌ တွေ့ရှိရပေသည်၊

mgyoe.com

 mgyoe.com 

ထိုမျှလောက် ပညာဗဟုသုတများ ပြည့်နှက်လျက်ရှိသော ကျမ်းကြီးကို ၁၅ နှစ်သားရွယ် ပုဂ္ဂိုလ်တစ်ဦးသည် ရေးသားနိုင်စွမ်း ရှိပါမည်လားဟူ၍ အတွေးဝင်မိပေ၏။ သို့ရာတွင် စဉ်းစားရန်အကြောင်း ရှိနေပြန်သည်။ ယင်းသည့် 'အကြောင်း'ကား ရှေးခေတ် မြန်မာတို့ ပညာဗဟုသုတ လေ့လာ ဆည်းပူးရပုံနှင့် စိတ္တကျော်သူ၏ ပတ်ဝန်းကျင်ပေတည်း။

ရှေးကမြန်မာတို့သည် သားငယ်မြေးငယ်တို့ကို လူဖြစ်လာစကတည်းကပင် အသိပညာ ပေးလေ့ရှိခဲ့ပေ၏။ ရတနာသုံးပါး၊ လူကြီးမိဘတို့ကို ရိုသေကိုင်းရှိုင်းမှု၊ ကိုယ် အမူအရာ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့မှုနှင့်တကွ လူလားမြောက်သည့်အခါ လူတော်လူကောင်း ဖြစ်လာရေးအတွက် အခြေခံ လူ့ကျင့်ဝတ်များကို ကလေးသူငယ်ဘဝ မှစ၍ အဆင့်ဆင့် သင်ကြားလေ့ကျင့်ပေးခဲ့ကြသည်။

မိခင်သည် သားငယ်သမီးငယ်အား ရှေးဟောင်းပုံပြင်များပြော၍ ဖြေဖျော်၏။ ရိုးရာ တေးဂီတတို့ဖြင့် ချော့၍ အိပ်စေ၏။ ထိုပုံပြင်၊ ထိုတေးဂီတတို့သည် သာမန်ပေါ့ပေါ့တန်တန် မဟုတ်ကြကုန်။ မိမိတို့ကိုးကွယ်သည့် ဘာသာကို လေးစားမြတ်နိုးရေး၊ မိမိတို့ နိုင်ငံနှင့် လူမျိုးကို ချစ်ခင်ရေး၊ ဖွဲ့သတ္တိရှိရေး၊ အကျင့်သိက္ခာ သစ္စာရှိရေးနှင့်တကွ နိုင်ငံ၏ သားကောင်း၊ သမီးကောင်းဖြစ်နိုင်မည့် အခြေခံသဘာဝပါရှိသော ပုံပြင်နှင့် တေးဂီတများ ဖြစ်လေသည်။

ဖခင်ဖြစ်သူသည်လည်း သားငယ် သမီးငယ်တို့ကို စကားပြောတတ်ခါစ အရွယ်မှ စ၍ စာရေးစာဖတ်သင်ကြားပေးလေသည်၊ လုပ်ငန်းခွင်မှ အားလပ်ချိန်ရလေ တိုင်း မိမိတို့၏ သားငယ် သမီးငယ်များကို သင်ကြားလေ့ကျင့်ပေးလေသည်၊ ထိုကြောင့် ဘုန်းတော်ကြီးကျောင်းသို့ မပို့အပ်မီကပင် စာရေး စာဖတ်တတ်ကျွမ်းနေသည်က များ၏၊ အချို့မှာ သင်ရိုးစာအတော်အတန် ပေါက်မြောက်ပြီး ဖြစ်နေကြလေသည်၊

ရှေးခေတ် မြန်မာ ဘုန်းတော်ကြီး ကျောင်းများ၏ ပညာသင်ကြားရေးစနစ်သည် အားရကျေနပ်ဖွယ် ကောင်းလှ၏။ အားထားလောက်ဖွယ်လည်း ရှိပေ၏။ သာသနာရေး ဆိုင်ရာ ပိဋကတ်စာပေများကိုသာ သင်ကြားသည် မဟုတ်ပေ။ လူ့ဘောင်လောကတွင် လူတစ်လုံးသူတစ်လုံး လုပ်နိုင်ရေးအတွက် ပညာရပ်များကိုပါ သင်ကြားခွင့် ရကြလေသည်၊ လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်း ဟူသော အကြောင်း ၃ ပါး၌ သိကျွမ်းလိမ္မာမှုကို ဘုန်းတော်ကြီး ကျောင်းများမှပင် ရရှိနိုင်ပေသည်၊ ရှေးခေတ်က နိုင်ငံအုပ်ချုပ်သူ ရှင်ဘုရင် နှင့် တကွ မှူးမတ်များ၊ စစ်သေနာပတိကြီးများ၊ ပညာရှိသုခမိန်များသည် ဘုန်းတော်ကြီး ကျောင်းမှ ပညာသင်ကြားခဲ့သူများ ဖြစ်၏။

ဆရာဘုန်းတော်ကြီးသည် ပညာမတတ်သော တပည့်ကို ပညာတတ်အောင် သင်ကြားပေးရာ၌ မေတ္တာစေတနာ အပြည့်အဝရှိနေသည်သာ ဖြစ်၏။ ဉာဏ်ပညာ

mgyoe.com

mgyoe.com

ထူးချွန်သော တပည့်အား ပိုမို၍ ထူးချွန်လာစေရန်လည်း လုံ့လဥဿာဟပြု၍ သင်ကြား ပို့ချပေးသည်သာ ဖြစ်၏။

ထို့ကြောင့် စိန္တကျော်သူလို ဉာဏ်ပညာ ထူးချွန်သူအဖို့ ဆရာကောင်း၏ သင်ကြားမှုမှာ များစွာ ထိရောက်နိုင်ပေသည်၊ ဉာဏ်ထက်မြက်သော စိန္တကျော်သူအား တစ်နေ့တာ သင်ပြသော ပညာရပ်သည် အတိုင်းအဆ မရှိပေ။ ရက်မှ လ၊ လမှ နှစ်သို့ တိုင်ခဲ့သော် ဆိုဖွယ်ရာမရှိပြီ။ စိန္တကျော်သူသည် ပညာလိုလားသူ သုခမိန်လောင်းပေတည်း။ ပထမ ကျော်အောင်စံထား ဆရာတော်ထံ၌ ပညာသင်ကြားခဲ့ရသူပေတည်း။

ထို့ပြင် စိန္တကျော်သူသည် တွင်းသင်းမင်းကြီး၏ တူဖြစ်ပေသည်။ သူ ကြီးပြင်း လာခဲ့ရသော မိဘမျိုးနွယ်နှင့် သူ၏ ပတ်ဝန်းကျင်ကပင် ပညာထူးချွန်သူ ဖြစ်ရေးအတွက် အခြေခံ ရှိနေပေသည်။

ယင်းသို့ ကျိုးကြောင်းဆက် ဆင်ခြင်မိသော် စိန္တကျော်သူ ၁၅ နှစ်သားအရွယ် တွင် ကပိလက္ခဏာ သတ်ပုံကျမ်းကြီးကို ရေးသားသည်ဆိုခြင်းမှာ ယုတ္တိမတန်ဟူ၍ ဘဝင်မကျ မဖြစ်မိတော့ပေ။

စိန္တကျော်သူတို့ခေတ်က မြန်မာ့စိတ်ဓာတ်နှင့် နိုင်ငံအခြေအနေ၊ အမျိုးသား ယဉ်ကျေးမှုနှင့် စာပေပညာအပေါ် တန်ဖိုးထား လေးစားမှု၊ လူနေမှုစနစ်၊ ထိုခေတ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးစနစ် စသည်တို့ကို ကျွန်ုပ်တို့ မမေ့သင့်ချေ။

ကပိလက္ခဏာ ကျမ်းသည် သိမှတ်ဖွယ်ရာ ပညာ ဗဟုသုတ စုံလင်လှသော စွယ်စုံဟင်းလေးအိုးကြီးနှင့် တူသည် ဟူ၍ ဆိုခဲ့၏။ ထိုအထဲမှ မြန်မာ့ဆေးပညာနှင့် စပ်လျဉ်းသော ညွှန်းပြချက်ကို ကောက်နုတ်ဖော်ပြလိုပေသည်။

**ငါ့ အနာဝဲ၊ ဆေးပုလဲ၊ ပျောက်ရှဲအောင်ကုစား။ (ပုဒ်ရေ ၇၀)။ ။**

ဝဲနာယားနာကို ဆေးပုလဲဖြင့် ကုသရကြောင်း ညွှန်းပြချက်ဖြစ်၏။

**သမ်းသမ်းမဲမဲ၊ အိပ်ပျော်ခဲ၊ မဲဇလီနှင့်စား။ (၉၈)။ ။**

အိပ်မပျော်ဘဲ တသမ်းသမ်း တဝေဝေဖြစ်ကာ မျက်စိ ကြောင်နေတတ်သူကို မဲဇလီရွက် ဟင်းချို၊ မဲဇလီဖူးသုပ် ကျွေးရကြောင်း ညွှန်ပြချက်ဖြစ်၏။

**သစ်ဆိမ့်သီးခွံ၊ ကြိတ်၍မံ၊ သွားအံမကိုက်ခဲ။ (၂၇၉)။ ။**

သွားကိုက်လျှင် သစ်ဆိမ့်သီးခွံ အမှုန့်ဖြင့် သွားရင်းတွင် သိပ်ပေးမံပေးရကြောင်း ညွှန်းပြသော လင်္ကာပိုဒ်ဖြစ်၏။

mgyoe.com

**သစ်ပင်ပဲယွံ၊ ဆေးမိုးနံ၊ သစ်ကြံပိုးနှင့်တွဲ။ (၃၂၇)။ ။**

ပဲယွံဆေးမိုးနံ၊ သစ်ကြံပိုး ဟူသော ဆေးစုသည် ကျောက်ရောဂါ၊ ဝက်သက်ရောဂါတို့ကို ကုသရန် ဆေးအမယ်များဖြစ်ကြောင်း ညွှန်းပြချက်ဖြစ်၏။

**ကိုယ်လက်ရောင်ရမ်း၊ သွေးရှမ်းရှမ်း၊ မွမ်းမွမ်းဆေးနှင့်ကိုင်။ (၃၈၇)။ ။**

ကိုယ်ရောင်ရောဂါ၊ သွေးတက်သွေးကြွရောဂါကို လူးဆေးလိမ်းဆေးနှင့် ကုသရကြောင်း ညွှန်းပြ၏။

**ပျဉ်း၊ ပျဉ်းတော်သိမ်၊ နီပါးသိမ်၊ စစ်သိမ် ဆေးစင်စစ်။ (၄၅၇)။**

ပျဉ်း–ပျဉ်းတော်သိမ်၊ နီပါးသိမ်၊ စစ်သိမ်ဟူသော ဆေးအမယ်လေးမျိုး ရောစပ်ထားသည့် ဆေးတစ်ဖုံသည် စင်စစ်အားဖြင့် စစ်သိမ်ကဲထားသော ဆေးဖြစ်၏။ ထို့ကြောင့် စစ်သိမ်ဆေး ဟူ၍ များရာသို့လိုက်ပြီး အမည်တွင်ကြောင်း ညွှန်းပြလေသည်။ ဤ၌ နီပါးသိမ်မှာ ယခုအခါ နီပဆေးဟုခေါ်သော ဆေးပင်ဖြစ်၏။ စစ်သိမ်ကားကြက်မောက် ဆူးပြန်ဟူ၍လည်းကောင်း၊ ကျွဲနှာခေါင်းဟူ၍လည်းကောင်း အမည်တွင်သော အပင် ဖြစ်လေသည်။

**စပ်စပ်ငန်ငန်၊ ခပ်ဖန်ဖန်၊ အော့အန်ဝမ်းအနာ။ (၅၅၉)။ ။**

ဝမ်းဗိုက်နာပြီး အထက်လှန်သော ရောဂါအတွက် ကုသရန် ဆေးမှာ စပ်–ငန်–ဖန် အရသာရှိကြောင်း ညွှန်းပြ၏။

**မအီမကျန်း၊ အနာမန်း၊ ငန်းဆေးကုပါစေ။ (၆၅၆)။ ။**

အနာမန်းတက်ပြီး ဖျားလျှင် ငန်းဆေး တိုက်ရပုံကို ညွှန်းပြ၏။

**သွေးတဖြန်းဖြန်း၊ တက်သည့်ငန်း၊ ကင်ပွန်းဆေးနှင့်ချေ။ (၆၀၆)။ ။**

သွေးကြွ– ငန်းဖန်း ရောဂါကို ကင်ပွန်းရွက် ဆေးနှင့် ကုသရပုံ ညွှန်းပြ၏။

**နာဖျားမကျန်း၊ မမာမြန်း၊ ယက်မန်း သောက်ပါလေ။ (၇၁၆)။ ။**

မမာမကျန်းသူကို ကြေညက်ခဲသော အစာမကျေးဘဲ ယက်မန်းရည်တိုက်ကျွေးသင့်ပုံ ညွှန်းပြ၏။ ဤ၌ ယက်မန်းရည်ဆိုသည်မှာ ယာဂုကျဲကျဲ (ဆန်ပြုတ်ကျဲကျဲ) ကို ဆိုလိုသည်။

mgyoe.com

mgyoe.com

ကျင်ကျင်ထုန်ထုန်၊ ခိုက်ခိုက်တုန်၊ စမုန်မျိုးနှင့်ပေး။ (၈၉၆)
အနာမည်းတွတ်၊ အမာရွတ်၊ ကတ်ဖိုဆေးနှင့်တင်။ (၁၀၆၀)
ဝမ်းကျသည့်ပိတ်၊ မစဲတိတ်၊ ပိတ်သင်းခက်နှင့်သင့်။ (၁၂၁၃)
ဝမ်းပျက်၊ ဝမ်းလွန် ပိတ်ဝမ်းသွားရောဂါကို ပိတ်သင်းခက်ရွက် ဟင်းချို ချက်ကျွေးရပုံ ညွှန်းပြ၏။ ပိတ်သင်းခက်' ဟူသည်မှာ အညာဒေသတွင် ပေါက်လေ့ရှိသော အပင်ငယ် တစ်မျိုးဖြစ်သည်။

အရက်နှင့်မုတ်၊ လေကိုထုတ်၊ ဝမ်းရုတ်မိုးသံပိ။ (၁၂၇၁)
မြည်တစုတ်စုတ်၊ ဝမ်းမှာတုတ်၊ ငင်နုတ်ဆေးစုံစီ။ (၁၃၁၀)
တမာတောက်ရပ်၊ မစားအပ်၊ မီးယပ်မဲ့အနာ။ (၁၄၁၇)
သည်းခြေသလိပ်၊ လေမိုးနိပ်၊ မြားဆိပ် ဆေးနှင့်သင့်။ (၁၄၇၈)
ထုန်ထုန်ကျင်ကျင်၊ သွေးပြီယှဉ်၊ ပါစဉ်ဆေးနှင့်နယ်။ (၁၆၉၇)။
သွေးပုပ် ပြည်ပုပ်တည်ပြီး ထုံကျဉ်ကိုက်ခဲသော အနာကို ပါစဉ်ဆေးနှင့် လိမ်းသတ်ပေးရပုံ ညွှန်းပြ၏။ ပါစဉ်ဆေးမှာ စိမ်ဆေးတစ်မျိုးဖြစ်သည်၊

အခဲအကျဉ်၊ သအင်ပျဉ်း၊ ပေါင်းယှဉ် ဆေးဖြင့်ပယ်။ (၁၇၁၃)
ခိုင်ခိုင်မျဉ်းမျဉ်း၊ ဝမ်းနာဖျဉ်း၊ စဉ်းစဉ်း ဝင်တတ်သည်။ (၁၇၂၃)
တက်တဖျဉ်းဖျဉ်း၊ အနာယဉ်း၊ မျက်စဉ်း ခတ်ရမည်။ (၁၇၂၆)
သလိပ်သည်းခြေ၊ ကြေအောင်ချေ၊ သွေးလေလွန်ငြိမ်းချမ်း။ (၁၇၄၈)
မသင့်သောက်ရေ၊ ဆတ်ဆတ်ချေ၊ လက်ခြေတယမ်းယမ်း။ (၁၇၅၃)
မပျောက်လိုသေး၊ အနာဖေး၊ ဘိုးဘေး ဆက်တော့သည်။ (၁၇၈၂)
ဤသည်တို့ကား ကဝိလက္ခဏာကျမ်းထဲမှ ဆေးပညာဆိုင်ရာ ညွှန်းချက်များကို ထုတ်နုတ်၍ အမြွက်မျှ ဖော်ပြရခြင်းဖြစ်သည်။
ကဝိလက္ခဏာသည် ဆေးကျမ်း မဟုတ်ချေ။ သတ်ပုံသတ်ညွှန်းကျမ်းဖြစ်၏။ ထို့ကြောင့် မည်သည့်စကားလုံး ဝေါဟာရကို မည်သို့စာလုံးပေါင်းရကြောင်း အဓိက ညွှန်းပြထားကြောင်း ကျွန်ုပ်တို့ အမှတ်ပြုကြရပေလိမ့်မည်။ ဆေးပညာဆိုင်ရာ အချက်အလက်များကို ရှေ့တန်းတင်၍ ညွှန်းပြသော ကျမ်းမဟုတ်သည်မှာ ထင်ရှားသိသာလှပေသည်။ ယင်းသို့ သတ်ညွှန်းဝေါဟာရကိုသာလျှင် ပဓာနပြု၍ သံပေါက်လင်္ကာဖြင့် အကျဉ်းချုံးရေးသားထားသော်လည်း ဆိုလိုချက်မှာ ပီပြင်လှ၏။ လင်္ကာတစ်ပိုဒ်၊ စာ

mgyoe.com

mgyoe.com

တစ်ကြောင်းမျှသည် များစွာသော အနက်အဓိပ္ပာယ်ကို ဆောင်ယူညွှန်းပြနိုင်လေသည်။

ကဝိလက္ခဏာကျမ်း၌ များစွာသော အကြောင်းရပ်သိမှတ်ဖွယ် ဗဟုသုတတို့ဖြင့် ပြည့်လျှမ်းလျက်ရှိရာမှ မြန်မာ့ဆေးပညာဆိုင်ရာ ညွှန်းပြချက်များလည်း ပါရှိသည်ကို ဆင်ခြင်မိလေသည်။

ပညာစွယ်စုံ သုခမိန် စိန္တကျော်သူ ပေတကား ဟူ၍ ကျူးရင့်လိုက်မိပါ၏။

စာပြီးနှစ်–၁၃၃၃

mgyoe.com

mgyoe.com

# မြန်မာအဘိဓာန်

ဦးသော်ဇင်

သဒ္ဒါမဲ့ဆန်း သူကန်းခေါ်တွင်
တက်ကျမ်းမရ သူအဖြစ်အင်
အလင်္ကာချို့ သူကျို့အသွင်
ဘိဓာန်ကင်း နားပင်းဖြစ်ဘို့ပင်

တောင်ပေါက်ဆရာတော်

အရှင်စက္ကပါလ (အဂ္ဂမဟာ ပဏ္ဍိတ)

ရှေးအခါက အဘိဓာန်ကို နိဃဏ္ဍုဟု ခေါ်၏။ အကြောင်းကား သစ်ပင် စသည်တို့၏ အမည်ပညတ်ကို ပြတတ်သောကျမ်းစာ ဖြစ်သောကြောင့်တည်း၊ ထို့နောက် အမရသီဟ စသော ဆရာတို့ခေတ်သို့ ရောက်သောအခါ ယင်းနိဃဏ္ဍုကို ကောသဟု ခေါ်ကြ၏။ ကောသ၏ အဓိပ္ပာယ်မှာ ရတနာတို့ကို သိုမှီးရာ ဘဏ္ဍာတိုက်ဖြစ်၏။ သစ်ပင် စသည်တို့၏ အမည်ပညတ်သည် ရွှေငွေစသော ရတနာနှင့် တူ၏။ ထိုရတနာတို့ကို သိုမှီးရာကျမ်းစာသည် ဘဏ္ဍာတိုက်ခေါ် ကောသမည်၏။

ကောသကျမ်းနှင့် ပတ်သက်၍ ယောအတွင်းဝန် ဦးဖိုးလှိုင်က 'အမရ သီဟဆရာ၊ ဟလာယုဓဆရာ အစရှိကုန်သော ဆရာတို့သည် စီရင်အပ်ကုန်သော အမရကောသ အစရှိကုန်သော ကျမ်းမျိုးဆယ်ကျမ်း' ဟု ဖော်ပြ၏။ ထိုတွင် မိမိသည် အမရကောသ တစ်ကျမ်းကိုသာ လေ့လာဖူးပါသည်။ ယင်းကျမ်းကို မန္တလေးမြို့ အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ နိသျစီရင်ခဲ့၏။ အမရဆရာသည် ထိုကျမ်းကို ပထမ၊ ဒုတိယနှင့် တတိယဟု အပိုင်းသုံးပိုင်း ဖွဲ့ကာ စီရင်၏။ ပထမပိုင်းတွင် သဂ္ဂဝဂ်၊ ဗျောမဝဂ် အစရှိသဖြင့် ဝဂ်ပေါင်း ဆယ်ဝဂ်ပါဝင်၏။ ဒုတိယပိုင်းတွင် ဘူမိဝဂ်၊ ပုရဝဂ်အစရှိ

mgyoe.com

mgyoe.com
သဖြင့် ဝဂ်ပေါင်း ဆယ်ဝဂ်ဖြင့် တန်ဆာဆင်၏။ တတိယပိုင်းမှာ ဝိသေသျ၊ သံကိဏ္ဏ အစရှိသဖြင့် ငါးဝဂ် ပါဝင်၏။

သာသနာ ၁၆၉၆ (၁၇၀၃) ခုနှစ် သီဟိုဠ်ကျွန်း၌ မင်းအဖြစ်သို့ ရောက်သော မဟာ ပရက္ကမ ဗာဟုမင်း လက်ထက်အခါ ထိုမင်း၏ ဆရာဖြစ်သော အရှင်မဟာမောဂ္ဂလာန် သည် အဘိဓာနပ္ပဒီပိကာ အမည်ရှိသော ကျမ်းကို စီရင်၏။ ဤတွင် နိဃဏ္ဍုသည် ကောသဟူသောအမည်မှ အဘိဓာန်ဟူသောအမည်သို့ ပြောင်းလဲသွား၏။ အရှင်က ဤသို့ ပဋိညာဉ်ပြု၏။

"အနက်ကို ဆုံးဖြတ်ခြင်း၏ အကြောင်းဖြစ်သော နာမ်လိင်တို့၌ လိမ္မာသူ၏ အဖြစ်သည် မြတ်စွာဘုရား စကားတော်၌ တတ်မြောက်လိုသူတို့၏ ကြီးမားသော အင်အား ဖြစ်သောကြောင့် ဘုရားပါဠိတော်အား ထိုက်လျော်ကုန်သော နာမ်လိင်တို့ကို ပြလိုသော ငါသည် အဘိဓာနပ္ပဒီပိကာ မည်သော ကျမ်းကို ဆိုပေအံ့"

ယင်းအဘိဓာန်၏ ပုံသဏ္ဌာန်မှာ အမရကောသ၏ ဟန်နှင့် ဆင်ဆင်တူ၏။ သက္ကတအသွင်ကို ပါဠိအသွင် ပြောင်းလဲလိုက်ခြင်းဖြစ်၍ သက္ကတဘာသာမှ ပါဠိဘာသာ သို့ ပြန်ဆိုခြင်းဟု ဆိုနိုင်ပါသည်။ သဂ္ဂကဏ္ဍတွင် ဘုရားဘဂဝါ နတ်ဗြဟ္မာတို့နှင့် သက်ဆိုင်သော အကြောင်းအရာများ ပါဝင်၏။ ဘူကဏ္ဍတွင် မြေကြီး၊ တိုင်းပြည်၊ လူ၊ အမျိုးလေးပါး၊ တောတောင် စသည်တို့ ပါဝင်၏။ သာမညကဏ္ဍတွင် ဝိသေသျ၊ သံကိဏ္ဏ၊ အနေကတ္ထနှင့် အဗျယတို့ ပါဝင်၏။ မိမိသိလိုသော အကြောင်းအရာ အချက်အလက်ကို အခန်းကဏ္ဍ ဝဂ်၏ အမည်ဖြင့် ရှာဖွေယူရ၏။ ထိုအဘိဓာန်တို့မှာ ယခုခေတ် အဘိဓာန်တို့ ကဲ့သို့ လိုရာကို စာအုပ်မှာ ရှာဖွေရသော အဘိဓာန်မျိုးမဟုတ်၊ နှုတ်လွတ် အာဂုံဆောင် အဘိဓာန်တို့ဖြစ်၏။ ယခုအခါ ပါဠိပထမပြန် ပထမကြီးတန်း တွင် အဘိဓာနပ္ပဒီပိကာ ကျမ်းစာပါဝင်၏။ ထိုကျမ်းကို အာဂုံရမှသာ ဖြေဆိုနိုင်ကြ၏။ အဘိဓာန် ဆရာသည်လည်း မိမိ၏အဘိဓာန်ကို အာဂုံဆောင်နိုင်စေရန် အဘိဓာန်ပုဒ်တို့ ကို ဂါထာဗန္ဓတို့ဖြင့် စီရင်ထား၏-

ဗုဒ္ဓေါ ဒသဗလော သတ္ထာ
သဗ္ဗညူ ဒွိပဒုတ္တမော၊
မုနိန္ဒော ဘဂဝါ နာထော
စက္ခု မ်ဂီရသော မုနိ။

သဂ္ဂကဏ္ဍတွင် ဘုရားအမည်တို့ကို စုပေါင်း ဖွဲ့ဆိုထားသော ဂါထာတစ်ပုဒ် ဖြစ်၏။ ဤဂါထာတွင် ဘုရားအမည် ၁၁ ခုပါဝင်၏။ ဘူကဏ္ဍ ဘူမိဝဂ်၌ မြေကြီး
mgyoe.com

mgyoe.com
အမည်တို့ကိုလည်း ထိုသို့ပင် ဂါထာဖွဲ့ဆို၏–

ဝသုန္ဓရာ ဆမာ ဘူမိ
ပထဝီ မေဒနီ မဟီ၊
ဥဗ္ဗီ ဝသုမတီ ဂေါတု
ဝသုဓာ ဓရဏီ ဓရာ။

မြန်မာအဘိဓာန်ကား ကဝိလက္ခဏာမည်သော သတ်ပုံထူးပင်ဖြစ်၏။ ယင်းကျမ်းကို စီရင်သူမှာ စိန္တကျော်သူ ဦးဩဖြစ်၏။ စိန္တကျော်သူဦးဩသည် မြန်မာအဘိဓာန်ကို စီရင်၏။

ကဗ္ဗေစာဘိသုရောဂ ရဋ္ဌ
သာရော ယောတ္တိ မဟာဓိရော၊
တဿနယံ အဝလမ္ဗ
ဘာသိဿံ ကဝိလက္ခဏံ။

ကဗျာကျမ်း၌လည်း အလွန်ရဲရင့်တော်မူထသော၊ ကြီးသော ပညာလည်း ရှိတော်မူထသော အကြင် ရဋ္ဌသာရ အမည်ရှိသော မဟာထေရ်သည် ရှိ၏။ ထိုရဋ္ဌသာရအမည်ရှိသော မဟာထေရ်၏နည်းကို အမှီပြု၍ ကဝိတို့မှတ်ရာဖြစ်သောကြောင့် ကဝိလက္ခဏာမည်သော သတ်ပုံထူးကို ဖွဲ့ဆိုပေအံ့။

စိန္တကျော်သူ၏ ပဋိညာဉ်ဖြစ်၏။ အမရသီဟ ဆရာသည် သက္ကတ အဘိဓာန်ပုဒ်တို့ကို အာဂုံဆောင်နိုင်အောင် အမရကောသကို ဂါထာတို့ဖြင့် စီရင်၏။ အရှင်မောဂ္ဂလာန်သည် ပါဠိအဘိဓာန်ပုဒ်တို့ကို အာဂုံဆောင်နိုင်စေရန် အဘိဓာနပ္ပဒီပိကာကို ဂါထာတို့ဖြင့် စီရင်၏။ ထို့အတူ စိန္တကျော်သူဦးဩသည် မြန်မာအဘိဓာန်ပုဒ်တို့ကို အာဂုံဆောင်နိုင်စေရန် ကဝိလက္ခဏာကို သံပေါက်ကဗျာတို့ဖြင့် စီရင်၏။

ရောင်ခြည်ခြောက်သွယ် ဘဝဂ်ကယ်–
အံ့ဖွယ်ဆယ့်ရှစ်ဖြာ၊
ပရိသတ်လယ် ပျော်စံပယ်–
ဘုန်းကြွယ် လူ့ထွတ်ချာ။

သက္ကတဘာသာ ကောသတို့တွင် အမရ ကောသသည် ကောင်း၏။ ပါဠိဘာသာ အဘိဓာန်တို့တွင် အဘိဓာနပ္ပဒီပိကာသည် ကောင်း၏။ ထို့အတူ မြန်မာအဘိဓာန်အတွက် ကဝိလက္ခဏာသည် ကောင်း၏။ အကြောင်းကား ဤအဘိဓာန်သုံးစောင်သည် သိပ်သိပ်သည်းသည်း ကျစ်ကျစ်လျစ်လျစ်ချင်းလည်း တူ၏။ အာဂုံဆောင်ရန်
mgyoe.com

mgyoe.com
အတွက်လည်း တူညီသောကြောင့် ဖြစ်၏။ သို့ရာတွင် မြန်မာတို့သည် ကဝိလက္ခဏာကို အဘိဓာန်ဖြစ်ကြောင်း ကောင်းစွာ မသိကြချေ။ အဘိဓာန်ကို သက္ကတဘာသာ၌ ကောသ ဟုခေါ်၏။ မြန်မာတွင် စိန္တကျော်သူ ဦးသြက ကဝိလက္ခဏာ သို့မဟုတ် သတ်ပုံထူးဟု ခေါ်၏။ စင်စစ်သက္ကပါဠိတို့နှင့် ခြားနားလိုက်သော ဦးသြ၏ ကိုယ်ပိုင်ဝေါဟာရ သို့မဟုတ် မြန်မာဝေါဟာရဖြစ်၏။ စင်စစ် အဘိဓာန်ပင်။

စိန္တကျော်သူ၏ ကဝိလက္ခဏာ မြန်မာအဘိဓာန်သည် ထိုအဘိဓာန်နှစ်စောင်တို့ ထက် အကြောင်းအရာ အချက်အလက် ပြည့်စုံကြွယ်ဝ၏။ ဤတွင် သဒ္ဒါ၊ အလင်္ကာ၊ ဆန်း၊ ရာဇဝင်၊ မဟာဝင်၊ ကဗျာလင်္ကာ၊ မြို့ရွာတောတောင်၊ ချောက်မြောင်ထွေလာ အလုံးစုံ အကုန်ပါဝင်၏။

ပန်းစပယ်

ရနံ့မပြယ် ပန်းစပယ် ဆက်သွယ်နှာမောင်းဖြာ။

ကောက်သန်လယ်

မုရင်းတန်စယ် ကောက်သန်လယ် ကတွယ်မစိုက်ရာ။

နှောင့်ဆွေမယ်

ပျိုပျိုရွယ်ရွယ် နှောင့်ဆွေမယ် ချစ်ဖွယ်များသည်သာ။

ရှင်ဘိုမယ်

မင်းဆက်ငါးသွယ် ရှင်ဘိုမယ် နန်းလယ်တင်သည်သာ။

မိုးမှာကြယ်

လဟာပြင်ကျယ် မိုးမှာကြယ် ပြိုင်ဆွယ်မနှုန်းရာ။

မြစ်ပင်လယ်

ပိန်းကောလှေငယ် မြစ်ပင်လယ် အလွယ်မကူးသာ။

အဘယ်မျှ ပြည့်စုံကောင်းမြတ်သော အဘိဓာန်နည်း။ မြန်မာဘာသာတွင် အရေးကြီးသော ကာရန်တို့ကိုလည်း ရနိုင်သည်။ ကျင်လည် ကျွမ်းကျင်စွာလည်း အသုံးပြုနိုင်သည်။

အယ် အဲး အဲ့၊ အို အိုး အို့၊

အံ အမ်း အံ့၊ အိမ် အိမ်း အိမ့်၊

အန် အန်း အန့်၊ အိန် အိန်း အိန့်၊

အုန် အုန်း အုန့်၊ အတ် အိတ် အုတ်၊

အပ် အိပ် အုပ်၊ အည် အည်း အည့်၊

အဉ် အဉ်း အဉ့်၊ အေ အေး အေ့။

mgyoe.com

mgyoe.com

ကဝိလက္ခဏာ အဘိဓာန်တွင် ပါဝင်သော ကာရန် ၃၆ ခု ဖြစ်၏။ စာပေရေးသားစီရင်ရာတွင် အထူးသဖြင့် ကဗျာလင်္ကာစီကုံးစပ်ဆိုရာတွင် လွန်စွာ အရေးကြီးသော ကာရန်တို့ ဖြစ်၏။ ကာရန်တိုင်းသည် ဗျည်း ၃၅ လုံးနှင့် အသီးသီး ဆက်စပ်နေ၍ သာမန်အားဖြင့် ကာရန် တစ်ခုလျှင် ၃၅ သံ ထွက်ပေါ်လာနိုင်၏။ ထိုတွင် ပင့်ရစ်ဝဆွဲ ဟထိုးတို့ ပါဝင်သော ဗျည်းများလည်း ရှိသေး၏။ ထို့ကြောင့် ကာရန်တစ်ခုလျှင် အကြမ်းအားဖြင့် စာလုံး ၄၀ ထားပါဘိ၊ ကာရန် ၃၆ ခုတွင် စာလုံးပေါင်း အဘယ်မျှ ရှိမည်နည်း။ စိန္တကျော်သူသည် ယင်းတို့ကို ကာရန်နှင့် တွဲဖက်၍ ထုတ်ဖော်ပေးထားပါသည်။

မာရ်ငါးပွဲ

အောင်တော်မူမြဲ မာရ်ငါးပွဲ ရန်ကဲးတို့ဘုရား။

နွဲ့ရှုံ့

အိအိအဲ့အဲ့ နွဲ့ရှုံ့ နှိုင်းရှဲ့နတ်တရည်။

ထူပါရုံ

အင်းဝစည်းခုံ ထူပါရုံ နိတုံရောင်ဖွေးဖွေး။

နီလာကုံး

ရတနာသုံး နီလာကုံး ထိပ်လုံးဆင်လန်းလန်း။

ဤသို့စသည်ဖြင့် ဝေါဟာရစကားလုံးတို့ကိုလည်း ဖော်ထုတ်ပေး၏။ အဘယ်မျှ မြတ်နိုးဖွယ်ကောင်းသော အဘိဓာန်နည်း။ ငါတို့သည် ယောက်မခါးထိုးပြီး ယောက်မလိုက်ရှာသကဲ့သို့ မြန်မာအဘိဓာန်ကိုလိုက်ရှာနေကြ၏။ စိန္တကျော်သူ ကိုယ်တိုင်ကမူ အဘိဓာန်ဟု မဆိုပါဘဲလျက် ဘယ်သို့အဘိဓာန်ဟု ယူဆနိုင်ပါမည်နည်းဟု မေးဖွယ်ရှိပါသည်။ ရှေးအခါက နိဃဏ္ဍုဆိုသည်ကို ကောသဟုခေါ်ခဲ့၏။ ကောသကို ငါတို့သည် အဘယ်ကြောင့် အဘိဓာန်ဟု ခေါ်ကြသနည်း။ အကြောင်းကား ထိုတွင် အဘိဓာန်၏ အချက်အလက်တို့ ပါဝင်သောကြောင့် ဖြစ်၏။ ကဝိလက္ခဏာမှာလည်း ထိုသို့သော အကြောင်းအရာ အချက်အလက်တို့ ပါဝင်လျက်ရှိသောကြောင့် အဘိဓာန်ဟု ခေါ်ဆိုနိုင်ပါသည်။

ရဟန်းတော်တို့သည် အဘိဓာနပ္ပဒီပိကာအမည်ရှိသော ပါဠိအဘိဓာန်ကို ခေတ်အဘိဓာန်များသဖွယ် အက္ခရာစဉ်ဖြင့် တန်ဆာဆင်သကဲ့သို့ ထို့အတူ ငါတို့လည်း ကဝိလက္ခဏာ အဘိဓာန်ကို ခေတ်အလိုက် နှစ်ခြိုက်ဖွယ်ဖြစ်အောင် စီစဉ်ပေးပါလျှင် အလွန်ကောင်းမြတ်ပေမည်။ ။

စာပြီးနှစ် — ၁၃၃၃

mgyoe.com

mgyoe.com

# ကုန်းဘောင်ခေတ် လူရည်ချွန်
## စိန္တကျော်သူသည် ဘုန်းတော်ဘွဲ့ စာဆိုတော်မဟုတ်

ဘဝင်း

စိန္တကျော်သူဦးဩကား ကျွန်တော်တို့၏ နယ်သားဖြစ်သည်။ သူသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ လောက်က သူ၏ မွေးရပ်ဌာနေ မောင်းထောင်မြေမှ ထီးနန်းစိုက်ရာ အင်းဝရွှေမြို့တော်သို့ ကုန်းလမ်းခရီးဖြင့် သွားလျှင်ဖြစ်စေ၊ ရွှေမြို့တော်မှ မိမိ ရပ်ရွာသို့ ပြန်လျှင်ဖြစ်စေ၊ ကျွန်တော်တို့ရွာက ဖြတ်ရမည်မှာ မုချဧကန်တည်း။ သူရေးသား ပြုစုခဲ့သော ကဝိလက္ခဏာ သတ်ပုံ၏ "အုံ" ကာရန်အဖွဲ့တွင် "ကျောက်စရစ်ပုံ၊ ကြည်းဗဒုံ၊ ယှက်ရုံမနီးဝေး" ဟူ၍ စပ်ဆိုခဲ့သည်။ ကျောက်စရစ်ပုံနှင့် ကြည်းဗဒုံသွား သော လှည်းလမ်းမကြီးပေါ်တွင် ကျွန်တော်တို့ရွာ တည်ရှိသည်။ ကျောက်စရစ်ပုံရွာသည် ကျွန်တော်တို့ရွာ၏ အရှေ့တောင် ခပ်ယွန်းယွန်းတွင်တည်ရှိပြီး ကြည်းဗဒုံရွာက ကျွန်တော်တို့ရွာ၏ အနောက်မြောက် ခပ်ယွန်းယွန်းတွင် တည်ရှိပေသည်။

အကယ်၍ သူသည် တွင်းသင်းမင်းကြီး မဟာစည်သူ ဖြစ်လာအံ့သော ဦးလေးတော် ဘုန်းကြီးနှင့် ကန္တဲဆိပ်မှနေပြီး ချင်းတွင်းမြစ်ကြောင်းမှ စုန်ဆင်းမည်ဆိုလျှင် ယနေ့ အလုံနှင့် မုံရွာဆိပ်ကမ်းများတွင် ရပ်နားရပေမည်။ ထို့ကြောင့်လည်း သူ၏ ယင်းသတ်ပုံမှာပင် အထက်ပါ "အုံ" ကာရန်၌ "သလ္လာမြစ်ခုံ၊ မြို့ဗဒုံ၊ မုံရွာနှင့် မဝေး" ဟူ၍ စပ်ဆိုခဲ့ခြင်းဖြစ်သည်။ မြို့ဗဒုံကား ကာလရွေ့လျောလို့လား၊ ဘယ်ရှင်ဘုရင်က ဘာစိတ်ပေါက်ပြီး ဘယ်လိုနည်းနှင့် ပြောင်းခဲ့သလားမသိ။ ယနေ့ "မြို့အလုံ" ဖြစ်နေ၏။ ဤနယ်တွင် ဗဒုံနှစ်ခုရှိသည်။ အထက်တွင် ဆိုခဲ့သော ကြည်းဗဒုံကား ကုန်းမြေတွင် တည်ရှိ၍ ဤဗဒုံကား ချင်းတွင်းရေစပ်တွင် တည်ရှိပေသည်။

ရွှေတောင် ရာဇကျော်ဟူ၍၎င်း၊ စိန္တကျော်သူ ဟူ၍၎င်း၊ ဘွဲ့မည်ရည့်ကို ခံယူ

mgyoe.com

mgyoe.com
ရရှိသော မောင်သြကား ငယ်စဉ်ကပင် သာမညမဟုတ်ပေ။ ဝိသေသထဲတွင် ဝိသေသ ထူးသော လူငယ်တစ်ဦးဖြစ်ခဲ့သည်။ ဤခေတ်အတိုင်း ခေါ်ဝေါ်ရလျှင် လူရည်ချွန်ထိပ်သီး ပေတည်း။ ၁၃ နှစ်သားအရွယ် လူမမယ်ကပင် တောင်ငူရာဇာထံ၌ ရာထူးကြီးတစ်ခု ဖြစ်သော သံတော်ဆင့် အရာဖြင့် မင်းမှုထမ်းခဲ့သည်။ ယနေ့တိုင်အောင်ပင် မြန်မာပညာရှိ များ လက်ကိုင်ထားရသော ကဝိလက္ခဏာ သတ်ပုံကျမ်းကြီးကို ပြုစုခဲ့သူ ဖြစ်သည်။ သူ၏ ဆရာမှာ ပထမကျော်အောင်စံထားဆရာတော် ဖြစ်သည်ဟု အဆိုရှိ၏။ ဤတွင် ဆင်ခြင် ဖွယ်ရာ အကြောင်းတစ်ရပ်မှာ ဟံသာဝတီမင်း နန်းကျခါနီး အင်းဝပြည်ကြီး လျော့ရဲရဲဖြစ်နေ စဉ် ရွှေမြို့တော်၌ သီတင်း မသုံးလိုသောကြောင့် ကျော်အောင်စံထား ဆရာတော်သည် တပည့်များရှိရာ ညောင်ကန်ရွာသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့သည်ဟု ကြားသိရဖူး သည်။ မောင်းထောင်နှင့် ညောင်ကန်ကား ရွာနီးချင်း၊ မောင်းထောင် ညောင်ကန်ဟူ၍ပင် ရွာနှစ်ရွာကို တွဲဖက်ခေါ်ကြသည်။ ထို့ကြောင့် မောင်းထောင်သား မောင်သြသည် ညောင်ကန်ရွာရှိ ကျော်အောင်စံထား ဆရာတော်ထံတွင် တပည့်ခံခဲ့ဟန်ရှိသည်။ ဦးလေး တော်သူ တွင်းသင်းမင်းကြီး မဟာစည်သူ ဖြစ်အံ့သော ဘုန်းတော်ကြီးကလည်း ပိဋကတ် သုံးပုံနှင့် မြန်မာစာပေတွင် တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူ၏။ ထို့ကြောင့် ဆရာကောင်းများ တပည့်ဖြစ်သော မောင်သြသည် စာပေအရာ၌ ရဲရဲတောက် ဖြစ်ခဲ့သည်။

အင်းဝပြည်ကြီး ပျက်စီးပြီးနောက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက တိုင်းသစ်ပြည်သစ် တည်ထောင်သောအခါ သံတော်ဆင့်ဟောင်း မောင်သြသည် သူ့ထံတွင် ဝင်ရောက်၍ အမှုထမ်းလေသည်။ နောင်တွင် ဘိုးတော်ဦးဝိုင်းဟူ၍ ရှင်ဘုရင် ဖြစ်လတ္တံ့ သော ဗဒုံမြို့စား မင်းသား၏ အကြီးတော်အဖြစ် ခန့်အပ်ခြင်း ခံရပေသည်။ အကြီးတော် ဆိုသည်မှာ သက်ဆိုင်ရာ မင်းသားအား စာပေပညာများကို သင်ကြားပေးရသူပေတည်း။

ဦးအောင်ဇေယျ လက်ထက်တွင် သြဝါဒထူးပျို့နှင့်တကွ ရတုများကို ရေးသား ခဲ့သည်။

သူ၏ ရတုများတွင် စိန္တကျော်သူ ဦးသြသည် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ ဘုန်းတော်ကိုသာလျှင် အဓိကထား၍ ဖွဲ့နွဲ့သည်ဟု အပြစ်ဆို ဝေဖန် သူများကလည်း ဝေဖန်ကြသည်။ သို့ရာတွင် ဘုန်းတော်ဖွဲ့ ခံရသူကား သာမန်မင်းများ နှင့်မတူ၊ တိုင်းသစ်ပြည်သစ်ကို ထူထောင်သူ ဖြစ်သည်။ ဤခေတ်တွင် ဗိုလ်ချုပ်အောင်ဆန်း ဘွဲ့ သီချင်းရေးသူများအား ဘုန်းတော်ဖွဲ့သူဟု ပြောလို့မရ။ ဇာတိမာန်ကို နှိုးဆွပေးခြင်း သာ ဖြစ်သလို တိုင်းသစ်ပြည်သစ် ထူထောင်နေသူ ဦးအောင်ဇေယျအား သီကျူးမှုကို ဘုန်းတော်ဖွဲ့ခြင်းဟု မဆိုသာပေ။
mgyoe.com

 mgyoe.com 

ဦးအောင်ဇေယျ ကွယ်လွန်ပြီးနောက် နန်းတွင်းရေးကား ရှုပ်ထွေးလာသည်။ ဗဒုံမင်းသားမှာ ဦးအောင်ဇေယျ၏ သားပင်ဖြစ်သော်လည်း သူ၏ နောင်တော်ကြီးများ နန်းတက်ချိန်တွင် အမိမဲ့သား ရေနည်းငါးပမာ မျက်စိသူငယ် နေခဲ့ရရှာသည်။ အထူးသဖြင့် ဦးအောင်ဇေယျ၏ အလိုကို ဆန့်ကျင်ကာ ညီကို ထီးမွေနန်းမွေ မပေးဘဲ သားကို ပေးသဖြင့် မင်းဖြစ်လာသော စဉ့်ကူးမင်း လက်ထက်တွင် ပို၍ မျက်နှာငယ်ရရှာသည်။ ဦးသြလည်း မျက်နှာငယ်သူ တပည့်နှင့်ကွဲပြီး နန်းထဲတွင် ဆက်လက် အမှုထမ်းခဲ့ရဟန် တူ၏။ ဒါကိုလည်း တပည့်က ကျေနပ်ပုံမပေါ်။ တပည့်ဖြစ်သူ ဗဒုံမင်းသား (ဘိုးတော်ဦးဝိုင်းတွင်မည့်သူ) နန်းတက်သောအခါ သတ်ပုံသတ်ညွှန်း ရေးမှုနှင့် ပတ်သက်၍ အမိန့်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းအမိန့်တွင် ကိုးကားရမည့် ကျမ်းစာရင်း၌ "ငသြ ရေးသား ပြုစုသော ကဝိလက္ခဏာ သတ်ပုံ" ဟူ၍ ဦးသြအား ငသြဟူ၍ ရင့်ရင့်သီးသီး ခေါ်ဆိုထားသည်ကို တွေ့ရသောကြောင့်တည်း။

ဦးသြကား ရသစာပေများကို သူ့ဦးလေး တွင်းသင်းမင်းကြီး မဟာစည်သူလို ခပ်များများ ရေးသားခဲ့ဟန် မတူပေ။ ဘိုးတော်ဦးဝိုင်းလက်ထက်တွင် သူ့ဦးလေးကသာ နန်းတွင်း၌ တွင်ကျယ်လာခဲ့သည်။ ဘလ္လာတိယ ပျို့ကိုရေးသဖြင့် ဘိုးတော်ဦးဝိုင်းက ဆုတော်ငွေများ အမြောက်အမြား ချီးမြှင့်ခြင်းကို ခံခဲ့ရသည်။ မည်မျှ များပြားသည်ဟု ဆင်ခြင်စဉ်းစားလျှင်...

၁၉၅၅–ခုနှစ်လောက်က ကျွန်တော်သည် ဆရာကြီး သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်၍ ဆရာကြီး ရွှေဥဒေါင်း၊ ဦးရွှေဖြူ၊ ဦးသိန်းဖေမြင့်၊ ဦးဘညိမ်တို့နှင့်အတူ လိုက်ပါပြီး မုံရွာခရိုင်သို့ ကမ္ဘာ့ငြိမ်းချမ်းရေး စည်းရုံးမှုပြုလုပ်ရင်း မောင်းထောင်ရွာသို့ ရောက်ရှိခဲ့သည်။ ဘလ္လာတိယပျို့အတွက် ရရှိသော ဆုငွေများဖြင့် တူးဖော်ထားသော "ဘလ္လာတိယ ရေကန်ကြီး" ၏ ကန်ပေါင်ရိုးပေါ်တွင် မတ်တတ်ရပ်ပြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်းက မြန်မာစာပေ ကောင်းစားစဉ်အခါကို ပြန်လည်တွေးတောပြီး ကြည်နူးနေရှာသည်။

"အေး...ဘလ္လာတိယပျို့ ဒီခေတ်စာအုပ်နှင့်ဆိုလျှင် ဘယ်နှဖောင်လောက် ရှိမလဲကွ"

ဟု ကျွန်တော့်အား လှမ်းမေးလိုက်ပါသည်။ ကရောင်းဆိုက်နှင့် ၄၊ ၅၊ ၁၀ ဖောင်ထက်များမည်မဟုတ်ကြောင်း ကျွန်တော်က ပြန်လည်ပြောပြလိုက်ပါသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းက နောက်ပါ တပည့်ငယ်သားများဘက် လှည့်ပြီး ရှေးမြန်မာမင်းများ လက်ထက်က မြန်မာစာပေ ချီးမြှောက်ခံခဲ့ရပုံကို ဘလ္လာတိယ

mgyoe.com

mgyoe.com
ကန်ပေါင်ရိုးတွင် ရပ်ပြီး ဟောပြောပါလေသည်။ ဤကဲ့သို့ ကြီးမားသော ခြေရာ လက်ရာများကို ဦးသြအတွက်မူ မောင်းထောင်၌ မကျန်ရှိခဲ့ပေ။ ဤကိစ္စနှင့်ပတ်သက်ပြီး တူဝရီးနှစ်ဦး၏ ခြားနားပုံကို တစ်ခါက ဦးသော်ဇင်နှင့် ဆွေးနွေးဖူးသည်။ ထိုအခါ ဦးသော်ဇင်က ဦးသြမှာ ၁၃ နှစ်သား ငယ်ငယ်ရွယ်ရွယ်ကပင် သံတော်ဆင့် ဖြစ်နေသဖြင့် တွင်းသင်းမင်းကြီး မဟာစည်သူကဲ့သို့ ခိုင်ခိုင်ခန့်ခန့် ကျမ်းဂန်ကြီးများကို လေ့လာ ဆည်းပူးနိုင်ခြင်း မရှိတော့သည့်အတွက် ဤကဲ့သို့ ကွာခြားခြင်း ဖြစ်သည်ဟု မှတ်ချက်ချပါသည်။ ယုတ္တိရှိ၏။

သို့ရာတွင် စိန္တကျော်သူနှင့် ရွှေတောင်ရာဇကျော် ဘွဲ့ခံခဲ့သည့် မောင်သြကလေးအား ကုန်းဘောင်ခေတ် "လူရည်ချွန်" တစ်ဦးအဖြစ် သူ၏ နှစ်ပတ်လည် အထိမ်းအမှတ်တွင် အလေးအနက် ဂုဏ်ပြုလိုက်ပါသတည်း။ ။

စာပြီးနှစ်–၁၃၃၃

mgyoe.com

mgyoe.com

# စကားနိမိတ် အရိပ်ထွက်ပေါ် စာဆိုကျော်

မြကေတု

'ဇမ္ဗူဒိပါတောင်ကျွန်း၊ ဩဘာနိမိတ်ထွန်း' ဟူသည့်အတိုင်း ငယ်မည်အားဖြင့် မောင်ဩဘာ၊ မိဘအခေါ်အဝေါ်အားဖြင့် မောင်ဩသည် ကစားအရွယ် အငယ်သော်ကပင် ပြောသမျှစကားများ၌ နိမိတ်အရိပ် ထွက်ပေါ်လာသည်ဟု မောင်းထောင်ရွာ၌ ကျော်ကြားလာသည်။ မောင်းထောင်ရွာတွင် သူငယ်ချင်းများနှင့် ကစားရာ၌ မိမိပါးစပ်မှ အမှတ်တမဲ့ ပြောစကားများသည် အကယ်အမှန် ဖြစ်လာတတ်သဖြင့် မောင်ဩကို 'နိမိတ်ကောင်' ဟု ခေါ်ကြသည်။ တစ်နေ့သော် ကစားရင်း အငြင်းအခုံဖြစ်ကြ၍ မောင်ဩက သူငယ်ချင်းအား ကျိန်ဆိုခိုင်းသည်ဆိုသည်။

"မင်းအမ သစ်ပင်ပေါ်ကကျ"

ဟူ၍ မောင်ဩက တိုင်ပေးရာ၊ သူငယ်ချင်းက...

"အိန်း" "ကျရစေတော့"

ဟု ကျိန်ဆိုသည်။ ထိုသူငယ်ချင်း ညနေအိမ်ပြန်သွားရာတွင် ၎င်းအစ်မ သစ်ပင်ပေါ်က လိမ့်ကျ၍ ခြေကျိုးသွားကြောင်း ကြားသိရလေသည်။ ထို့ကြောင့် မောင်ဩကို နိမိတ်ကောင်ဟူ၍ သူငယ်ချင်းများက ကင်ပွန်းတပ်ကြသည်ဟု သက်ကြီးစကား သက်ငယ် ကြားဖူးသည်။

မောင်ဩဘာဟူသော အမည်ကို မိမိ၏ ဦးလေးတော်ဖြစ်သူ တွင်းသင်းတိုက်ဝန်ဦးထွန်းညိုက ပေးခဲ့သည်ဟု ဆိုသည်။ မိဘများက ချစ်စနိုး၍ မောင်ဩဟုသာ ခေါ်ကြသည်။ မောင်ဩဘာဟူသော ငယ်မည်အတိုင်း သူ၏ ပါးစပ်မှ ထွက်သမျှတို့သည် ဩဘာနိမိတ် ထွန်းတတ်ခြင်းကြောင့် မောင်ဩအား စကားပြောဆိုရာ၌ သတိ

mgyoe.com
ထား၍ ပြောဆိုရန်ကိုပင် ဦးလေး ဦးထွန်းညိုက ဆိုဆုံးမဖူးသည်။

မောင်သြကို သက္ကရာဇ် ၁၀၉၈ ခုနှစ်တွင် ဗဒုံမြို့အပါအဝင် မောင်းတစ်ထောင်ကို ခတ်တီး တည်ခဲ့ရာဖြစ်သော မောင်းထောင်ရွာ၌ ဖွားသန့်စင်သည်။ မိခင် ဖခင်များဖြစ်ကြသော ဦးဇေယျ–ဒေါ်ပုတို့သည် မောင်သြအား ၈ နှစ် ၉ နှစ် အရွယ်တွင် သာမဏေပြုရာ ပထမကျော်အောင်စံထား ဆရာတော်ထံတွင် ပညာဆည်းပူးစေသည်။ "အရိုန်ညီးညီး၊ တောက်မည့်မီးကား၊ ရင်းနှီးနဂိုရ်၊ သူ့ပင်ကိုယ်က၊ လိုလိုညီစွဲ၊ တရဲရဲ တည့်" ဟူ၏သို့ ငယ်စဉ်ကပင် ကဗျာလင်္ကာများကို ဝါသနာပါသည့်အလျောက် ရေးဖွဲ့ စီကုံးလေ့ ရှိသည်။ မောင်သြ ၁၃ နှစ်အရွယ်တွင် လူထွက်၍ ဦးလေးတွင်းသင်းတိုက်ဝန် ဦးထွန်းညို၏ မစမှုကြောင့် ဟံသာဝတီရောက် မင်းတရားထံတွင် ခစားခွင့်ရသည်။ ဤမျှငယ်ရွယ်သော အခါကပင် ရွှေတောင် ရာဇကျော်ဘွဲ့ကိုရ၍ သံတော်ဆင့်အရာဖြင့် အမှုတော် ထမ်းရွက်ရသည်။ ဦးသြသည် ၁၅ နှစ်အရွယ်တွင် ကဝိလက္ခဏာ သတ်ပုံကျမ်းကို ရေးသားဆက်သွင်းခဲ့သည်။ ထို့နောက် ဦးလေးဖြစ်သူ တွင်းသင်းတိုက်ဝန်၏ တိုက်တွန်းချက်အရ ဗေဒင်ကျမ်းကို သင်ကြားလိုက်စားခဲ့ပြန်သည်။ ဦးသြသည် ငယ်ရွယ်စဉ်ကပင် ဝါသနာပါခဲ့သည်။ ထို့ကြောင့်ပင်လည်း သူ၏ကဝိလက္ခဏာ သံပေါက်တွင်–

"ဘုံနန်းသလွန်အုံး၊ ကြာရွက်ဆုံး၊ မသုံးပယ်လိုက်တွန်း" ဟူသော ပြဿဒါးရက်ရွေးနည်းသံပေါက်ကို ရေးသည်။

"အောင်သာစည်ပတုံး၊ လူကိုရုံး၊ ချစ်ထုံးမြဲခိုင်ကျဉ်း" ဟူသော အိမ်ထောင်သင့်ရက် တွက်ချက်နည်းများကိုလည်း ရေးထည့်ခဲ့သည်။

"ဗေဒင်စဒိတ်၊ ခက်ကိလိဋ္ဌ၊ ထွက်စိတ်လျှင်အောင်ကျင့်" ဟူ၍ သံပေါက် ဖွဲ့ဆိုခဲ့သည့်အတိုင်း ငယ်စဉ်က ဗေဒင်ဝါသနာ ရင့်သန်ခဲ့သော ဦးသြသည် သံတော်ဆင့် အရာနှင့် ရှိစဉ်အခါ ဗေဒင်ကျမ်းကို အပတ်တကုတ် လေ့ကျင့်ဆည်းပူးခဲ့ပြန်သည်။

သက္ကရာဇ် ၁၁၁၅ ခုတွင် အလောင်းမင်းတရားကြီးသည် ကုန်းဘောင်ကြငှန်းကို ဖန်ဆင်း တည်ထောင်သည့်အခါ ဦးသြသည် နန်းတွင်း စာဆိုတော်ကြီးအဖြစ် ခစားထမ်းရွက်သည်။ ထိုအခါက ဦးသြသည် အသက် ၁၇ နှစ် အရွယ်မျှသာ ရှိသေးသည်။ ဦးသြ၏ ကဗျာလင်္ကာများကို အလောင်းမင်းတရားကြီးသည် အလွန်နှစ်ခြိုက်တော်မူရကား စိန္တကျော်သူဘွဲ့ကို ချီးမြှင့်၍ အပါးတော်၌ စွဲမြဲခစားတော် မူစေသည်။

တွင်းသင်းတိုက်ဝန်သည် မောင်သြအား အမြဲဂရုပြု အကဲခတ်လျက်ရှိ၏။ မောင်သြရေးဆက်သမျှ ရတုရကန်များသည်လည်း ကိုယ်တိုင်ဖတ်ရှုပြီးမှ နန်းတွင်းသို့ ရောက်ရ၏။ မိမိတူ၏အကြောင်းကို သိပြီးသော တွင်းသင်းတိုက်ဝန်သည် မောင်သြ
mgyoe.com

ရေးသမျှ စာများကို လိုက်လံကြည့်ရှုရခြင်းကား မောင်ဩသည် ငယ်စဉ်အခါကပင် ပြောသမျှ ဆိုသမျှ စကားများ၌ နိမိတ်ယှက်သန်းတတ်သဖြင့် အမြဲစောင့်ရှောက် မစပေး လျက် ရှိခြင်းပင် ဖြစ်၏။

သက္ကရာဇ်၁၁၂၁–ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီမြတ်၌ ဆောက်လုပ်တော်မူသော ရွှေဇရပ်တော်ကြီး ပြီးပြေသည်ကို ရေစက် ချရန် နေပြည်တော်တွင် သားတော်ကြီး အိမ်ရှေ့မင်း သတိုးသုဓမ္မ ရာဇာကို အစောင့် အနေထား၍ ကုန်းကြောင်း ရေကြောင်း ခမ်းနားကြီးကျယ်စွာဖြင့် ရာမညတိုင်းသို့ ထွက်ချီ တော်မူလေသည်။

သက္ကရာဇ် ၁၁၂၁–ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀–ရက် ကြာသပတေးနေ့တွင် အသျှင်မိဖုရား ခေါင်ကြီးနှင့်တကွ သားတော် သမီးတော် အစုံအညီ မင်္ဂလာကျောက် မြောင်းဆိပ်က ထွက်ချီတော်မူ၍ ၁၃–စခန်းဖြင့် ပြည်မြို့သို့ ဆိုက်ရောက်တော်မူသည်။

ပြည်မြို့သို့ ဆိုက်ရောက်တော်မူလျှင်ပင် နေပြည်တော် ရွှေဘိုမြို့ကြီးရှိ တစ်ဆယ့် သုံးဌာနတို့တွင် မိုးကြိုးကျကြောင်း သတင်းရရှိ သံတော်ဦး တင်ကြသည်။ ထိုအခါ မင်းတရားကြီးသည် အပါးတော်၌ ခစားလိုက်ပါခဲ့သော ပညာရှိများအား ဤသို့ မိုးကြိုး ကျခြင်းအကြောင်းနှင့် ပတ်သက်၍ မည်သို့အတိတ် နိမိတ်ရှိသည်ကို ရေးသားဆက်သွင်း ကြရမည်ဟူ၍ အမိန့်တော်မှတ်သောကြောင့် စာဆိုတော်ကြီး ဦးဩသည်လည်း ဤမိုးကြိုး ၁၃ ချက်ကျခြင်းအကြောင်းနှင့် ပတ်သက်၍ ရတုဆက်သရလေသည်။

ဤဦးဩသည် ဗေဒင်ကျမ်းကို ကောင်းစွာ နိုင်နင်းသူဖြစ်ခြင်းကြောင့် တွက်ချက် ကြည့်ရာ၌ ဤနိမိတ်သည် အမင်္ဂလာဖြစ်ကြောင်း သိရှိပြီး ဖြစ်လေသည်။ ဤ မိုးကြိုး ၁၃ ချက်သည် အလောင်းမင်းတရားကြီး နတ်ပြည်စံရမည့် နိမိတ်ဖြစ်ကြောင်းကိုလည်း ကောင်းစွာသိသည်။ မိုးကြိုးကျရောက်သော ၁၃ ဌာနတို့မှာလည်း အဓိကရ နေရာများ သာဖြစ်ကြသည်။ ဆင်ချည်တိုင်ကို ပစ်ခြင်းသည်လည်းကောင်း၊ မြင်းကိုပစ်ခြင်းသည် လည်းကောင်း၊ ညောင်ပင်ကိုပစ်ခြင်းသည်လည်းကောင်း၊ တပယင်းတံခါးကို ပစ်ခြင်း သည်လည်းကောင်း၊ မင်းကျော်သီရိအိမ်ကို ပစ်ခြင်းသည်လည်းကောင်း ကောင်းသော အတိတ်နိမိတ်များ မဟုတ်။ ဤသည်တို့ကား မပျောက်ကောင်း မရွေ့ကောင်းသော နေရာများဖြစ်သည်။ ဤမပျောက်ကောင်း မရွေ့ကောင်းသော နေရာများကို ပစ်သည် ဟူရာ၌ ဘုရင်မင်းတရားကြီး ပျောက်ပျက် ရွေ့လျောရမည့် နိမိတ်ပင်ဖြစ်ကြောင်း သိနှင့် ပြီး ဖြစ်လေသည်။ သို့သော် ဦးဩသည် နိမိတ်ကို ဖြေပါသည်။ ဆင်ချည်တိုင်ကို မိုးကြိုးခခြင်းကြောင့် ဆင်ဖြူတော် ရောက်မည်အမှန်၊ မြင်းကို မိုးကြိုး ခခြင်းကြောင့်

mgyoe.com
ဝလာဟကက မြင်းပျံရောက်မည်အမှန်၊ ညောင်ပင်ကို မိုးကြိုးခခြင်းကြောင့် ဘုရင်မင်းတရားကြီးသည် ဘုရားလောင်း ဖြစ်မည်အမှန် စသည်ဖြင့် ဟန်လုပ်၍သာ နိမိတ်ကို ဖြေနေပါသည်။ သို့ဖြေနေရင်းကပင် အမှတ်မဲ့ စကားရိပ် ထွက်ပေါ်၍ ဘုရင်မင်းတရားကြီး နတ်ရွာစံပျော်မည့် အကြောင်းကို ရေးသားဖွဲ့စပ်မိလေသည်။ ဤအကြောင်းကား မိုးကြိုး ၁၃ ချက်ခရာ၌ လွှစင်တစ်နေရာကိုလည်း ခခဲ့သည်။ ထိုသို့ လွှစင်ကို ခရာတွင် ဦးသြက ဤသို့ နိမိတ်ကောက်ယူခဲ့သည်။

ဤသို့ လွှစင်ကို မိုးကြိုးခရခြင်း အကြောင်းကား လွှပျဉ်သားဖြင့် ဆောက်ထားသော နန်းတော်ဖြစ်၍ ဘုန်းကြီးသော ဘုရင်မင်းအတွက် မထိုက်မတန်၊ ဤပျဉ်သားနန်းတော်ပေါ်၌ ဘုရင်မင်းတရားသည် စံမွေ့တော်မမူ၊ ရွှေသား နန်းတော်ကြီးကို နတ်များဆက်သမည်ဟူ၍ ဆိုရမည်မှာလည်း အတိဝုဒ္ဓ ဒေါသလွန်ကဲသောကြောင့် ထည့်သင့်မသင့် စဉ်းစားနေဆဲမှာပင် ဘုရင်မင်းတရားကြီး အမေးတော်ရှိသဖြင့် ဤရတုကို ဆက်လိုက် ရလေတော့သည်။ ထိုကြောင့် ရတုတွင် ဦးသြ၏ စကားနိမိတ်သည် အောက်ပါအတိုင်း အရိပ်ထွက်ပေါ်နေခဲ့သည်။

"လွှစင်မှာကား၊ လွှပျဉ်သားနှင့်၊ ဆောက်ထား နန်းတော်။ စံမပျော်ပြီ"

ဦးသြရေးသား တင်ဆက်သမျှကို ကြိုတင်ကြည့်ရှု မစပေးသော ဦးလေးတွင်းသင်းတိုက်ဝန်မှာ ဤကဗျာကို မကြည့်ခဲ့မိ။ ရတုကို ဆက်သပြီးမှ တွင်းသင်းတိုက်ဝန်တွေ့ရှိရာ ဦးသြအား များစွာ အပြစ်တင်ခဲ့သည်။ တွင်းသင်းတိုက်ဝန်သည် ဗေဒင်ပညာကိုတစ်ဖက်ကမ်းခပ်သူဖြစ်သဖြင့် မိုးကြိုးတစ်ဆယ့်သုံးချက်ခရာ၌ အလောင်းမင်းတရားကြီးသည် 'တစ်ဆယ်တွင်သုဉ်းမည်' ဟု တွက်ချက်ထားခဲ့လေသည်။ ယခု ဘုရင်မင်းမြတ်ပြည်မြို့သို့ ၁၃ စခန်းနှင့် အရောက်ကြွတော်မူခဲ့သည်။ တစ်ဆယ့်သုံးစခန်းသည် နိမိတ်အားဖြင့် တစ်ဆယ်သုဉ်းရမည့် ဘဝစခန်းပင် ဖြစ်သည်ဟု တွက်ဆသည်။ အလောင်းမင်းတရားကြီးသည် ထိုအခါက သက်တော် ၄၆ နှစ်ရှိခဲ့ပြီ။ ၄ နှင့် ၆ ကို ၂ ရပ်ပေါင်းသော် ၁၀ ဖြစ်နေသည်။ မိုးကြိုးခသည်မှာ တစ်ဆယ့်သုံးချက်၊ တစ်ဆယ်တွင် သုဉ်းမည့်အချက်ပေါ်နေပြီး အလောင်းမင်းတရားကြီး နေပြည်တော်မှ ထွက်ခဲ့သည့်လမှာလည်း ၁၁၂၁ ခု၊ ဝါဆိုလပြည့်ကျော်၊ ၁၀ ရက် ဖြစ်သည်။ ထိုအချိန်အခါမှ လပေါင်း ၁၀ လတွင် သုဉ်းရမည်ဟု တွက်ဆထားလေသည်။ တွင်းသင်းတိုက်ဝန် တွက်ဆသည့်အတိုင်း ထိုနှစ် ဝါဆိုလမှသည် ၁၀ လ ကုန်မြောက်၍ ၁၁၂၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် ယိုးဒယား၌ မင်းတရားကြီး နတ်ရွာစံခဲ့သည်။ တွင်းသင်းတိုက်ဝန်သည် ဗေဒင်အရာ၌ တစ်ဖက်ကမ်းခတ် တတ်မြောက်သဖြင့် ကြိုတင်သိထားသော်လည်း တူတော်မောင် ဦးသြ
mgyoe.com

အမှတ်မထင်ရေးသည်ကိုကား အပြစ်တင်ခဲ့သည်။ မင်းပြစ်မင်းဒဏ် သင့်မည်ကိုလည်း စိုးရိမ်မိသည်။

မင်းတရားကြီးနံတော်မှာ သောကြာဖြစ်သည်။ ယိုးဒယားဟူသော နံမှာ ဗုဒ္ဓဟူး ဖြစ်သည်။ ယခု သက်တော် ၄၆ နှစ်မှာလည်း ဗုဒ္ဓဟူးနှင့်သောကြာ ယှဉ်ပူးနေသော အသက်ဖြစ်သည်။ ခရီးယာယီလည်း သုဉ်းနေသည်။ ဗုဒ္ဓဟူးအရပ်မှာလည်း 'ဆပွတ်' သင့် ကြုံနေသည်။ အမှန်ပင် ဤအရပ်သည် ဘုရင့်အတွက် ခရီးသုဉ်း၍ ပြန်လမ်းမရှိ သည်ကို တွက်မိသော ပညာရှိတွင်းသင်းတိုက်ဝန်သည် ဘုရင်မင်းမြတ်အား ယိုးဒယားသို့ ချီတော်မူရန် မသင့်ကြောင်း ရဲဝံ့စွာ လျှောက်တင်သည်။

ထိုအခါ မင်းတရားကြီးသည် ဒဂုံဆံတော်ရှင်ကို ဖူးမြော်ပြီး၍ နေပြည်တော်သို့ ပြန်တော်မူမည်ဟု ကြံရွယ်နေစဉ် ယိုးဒယားတို့သည် တိုင်းစွန်ပြည်နားထိပါးကြောင်း၊ ရန်ကုန်သို့ ဝင်လာသော သင်္ဘောသုံးစင်းကို ချုပ်ထားကြောင်းများကို ကြားသိရတော် မူသဖြင့် နေပြည်တော်သို့ မပြန်ပြီ၊ ငါအသျှင် ကိုယ်တိုင် ယိုးဒယားသို့ ချီတက် တိုက်ခိုက်တော်မူမည်ဟု အမိန့်တော်မြတ် မှတ်သည်။

ထို့နောက် မိဖုရား၊ သားတော် သမီးတော်များကိုလည်း နေပြည်တော်သို့ ပြန်လည် ပို့ဆောင်ရန် စီရင်ကြရသည်။ မိဖုရားခေါင်ကြီးနှင့်တကွ ပညာရှိများက နောင် အခါ ဇာတာသန့်စင်မှ ယိုးဒယားသို့ ချီတော်မူရန် လျှောက်ကြားကြပါသော်လည်း

"ဘုန်းကြီးသော မင်းတို့ဓမ္မတာ ဂြိုဟ်ဇာတာနှင့် အခါ မရွေး စကောင်းပေဘူး။ ဘုန်း သမ္ဘာသည်ပင် ဇာတာစန်းလဂ်ဖြစ်တော့သည်"

ဟု မိန့်တော်မူသဖြင့် ယိုးဒယားသို့ ချီတော်မူရန်ကိုပင် စီမံစိုင်းပြင်းကြရတော့ သည်။

စိတ္တကျော်သူ၏ စကားနိမိတ် အရိပ်ထွက်ပေါ်ခြင်းကား ဤတစ်ကြိမ်သာမဟုတ် သေး။ အလောင်းမင်းတရားကြီးသည် ယိုးဒယားသို့ ချီတော်မူမည်ဖြစ်၍ မိဖုရား သားတော် သမီးတော်များကို ဖောင်တော် လှေတော်များနှင့် နေပြည်တော်သို့ ပို့ဆောင် တော်မူရာ၌ သံလျင်တွင် နတ်ဖြစ်နေသော ရှင်မွေ့နွန်း မင်းနန္ဒာတို့က ကြီးကျယ် ခမ်းနား သော ရေကြောင်းသဘင်ခရီးတွင် မိဖုရား သားသမီးများကို ခွဲခွာပြီး ဤဘုန်းကြီးသည့် မင်းသည် အဘယ်သို့ ကြွတော်မူမည်နည်းဟု ရှင်မွေ့နွန်းမေးသော အမေးကို မင်းနန္ဒက ဖြေလေဟန် စိတ္တကျော်သူဦးသြက ရတုရေးဆက်သည်။ နေပြည်တော် ရောက်လျှင်လည်း တစ်နန်းတော်လုံးက ဤရတုကို ကျက်မှတ်ကြရသည်ဟု စာဆိုရှိသည်။ မိဖုရားခေါင်ကြီး ကလည်း ရေသဘင်တစ်လမ်းလုံးတွင် ရံရွေတော်များကို သံပြိုင် ဤရတုကို သီဆိုစေသည်။

mgyoe.com

mgyoe.com

ဤရတုတွင် ရှင်မွေ့နွန်း၏ အမေးကို မင်းနန္ဒက ဖြေကြားရာ၌ ဦးသြသည် ကရုဏာရသ ပေါ်အောင် ဖော်လိုက်သည်။ အလောင်းမင်းတရားကြီးသည် ယိုးဒယားသို့ ခရီးဆန့်တော်မူမည်။ တောင်နန်းမဆောင်ကြီးနှင့် တစ်သောင်းခြောက်ထောင်သော မောင်းမမိဖုရား သားသမီးများမှာမူ ကုန်းဘောင်ရွှေပြည်တော်သို့ ပြန်ကြရမည်၊ ဘုရင်မင်းမြတ် ရွှေစက်တော်ဖြန့်မြန်းရာသို့ လိုက်ပါလိုကြပါသော်လည်း ဗျာဒိတ်တော်နှင့် ခေါ်တော်မမူပါသဖြင့် သံတော်ဦးတင်လျှောက်ရန် မဝံ့ကြဘဲ၊ တရှုံ့ရှုံ့ ရှိုက်ကြသည်။ အပါးတော်မှ မခွာချင် မခွာရက်နှင့် အပြန်ခက်နေကြသဖြင့် မောင်းမမိဿံ ခြွေရံ အပေါင်းတို့မှာ အသက်လိပ်ပြာ ကိုယ်ကကွာမလောက် ယောက်ယက်ဆန်မျှ ဝမ်းနည်းကြသဖြင့်–

"ဘုန်းတော်ကြီး ဘုရားသည် တို့ကိုမချစ်၍ စွန့်ပစ်ခွဲခွာတော်မူသည်"

ဟု မြည်ငိုယိုကာ ရွှေဖောင်တော်က မျှော်သူမျှော်၊ တသူတ၊ လရာဟုဖမ်း သဇင်ပန်းကို နေညှိုးသကဲ့သို့ ပြန်တော်မူကြရသည့်အခန်းကို နမတော်မယ်နွန်း မြင်သဖြင့်–

"ကြင်နာ လွမ်းဆွတ်သင့်ပါပေသည်။ ကြာပဒုံ ဖူးငုံနှင့်တူသော ရွှေစက်တော်အစုံကိုသာ ကြည်ကြည်နူးနူး ဦးခိုက်တော်မူပေတော့၊ မယ်နွန်းသက်နှံ့ သံလျင်စံ နမတော်"

ဟူ၍ ဖြေကြားပုံများကို စိန္တကျော်သူက–

"နန်းမရှင်နှင့်၊ ဝန်းကျင်ရံမြောင်၊ သောင်းခြောက်ထောင်ကို၊ ကုန်းဘောင်ရွှေမြေ၊ ပြန်ကြလေဟု၊ ပုံသေတံဆိပ်၊ မိန့်တော်ရိပ်ကို၊ ဦးထိပ်ပန်ရွက်၊ အပြန်ခက်ခဲ့၊ ရွှေစက်ဖြန့်ရာ၊ လိုက်ချင်ပါလည်း၊ ရွှေဗျာဒိတ်တော်၊ နှင့်မခေါ်၍၊ သံတော်ဦးလျှင်၊ မတင်ဝံ့ကြ၊ တရှုံ့ရှုံ့ပင်၊ ပျိုဖြူ့အိအဲ့၊ မင်းယဉ်နွဲ့တို့၊ ငိုမဲ့မျက်နှာ၊ အူချာရောက်ရက်၊ ရေဝဲပွက်သို့၊ အသက်လိပ်ပြာ၊ မပါလာပြီ၊ ကိုယ်စီကျွမ်းရစ်၊ ဘုန်းသစ်သစ်သည်၊ မချစ်၍ရှုံ၊ တို့ကိုခွဲဟု၊ ဝမ်းကွဲဝမ်းပါး၊ ပိုးဝါးမူးမော်၊ တိုးဖောင်တော်က၊ ညှိုးယော်မြောက်တောင်၊ မျှော်ယောင်ယောင်နှင့်၊ ကုန်းဘောင်ရွှေပြည်၊ ပြန်ကြသည်ကို၊ ရွှေရည်ထင်ထင်၊ မယ်နွန်းမြင်က၊ ကြင်သင့်၏လေ၊ ရွှေစက်တော်စုံ၊ ကြာငုံပွင့်ဖူး တင်ရှိဦး"

ဟူ၍ စပ်ဆိုထားလေသည်။

စကားနိမိတ်၊ အရိပ်ထွက်ပေါ်၊ စာဆိုတော်၏ အထက်ပါစကားရပ်များတွင်–

"ရေဝဲပွက်သို့၊ အသက်လိပ်ပြာ၊ မပါလာပြီ၊ ကိုယ်စီကျွမ်းရစ်၊ ဘုန်းသစ်သစ်သည်၊ မချစ်၍ရှုံ၊ တို့ကိုခွဲ" ဟူသော စကားမှာ တိုက်ရိုက်နိမိတ်ပင် ဖြစ်သည်။

ယင်းစပ်ဆိုဖွဲ့နွဲ့သည့် အတိုင်းပင် အလောင်းမင်းတရားကြီးသည် ၁၁၂၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် ကံတော်ကုန်တော်မူသဖြင့် ကုန်းဘောင်ရွှေပြည်သို့ အလောင်းတော်ကို ယူဆောင်လာခဲ့ကြရာတွင်...

mgyoe.com

"အသက်လိပ်ပြာ၊ ပါမလာပြီ"

ကိုယ်တော်အလောင်းကို နေပြည်တော်ထိအောင် မသယ်ဆောင်နိုင်ခဲ့ကြသဖြင့် ကိုယ်ခန္ဓာသည် ယိုးဒယားပြည်၌ပင် ကြွင်းကျန်ရစ်ခဲ့ပြန်သည်ကို–

"ကိုယ်စီကျွမ်းရစ်၊ ဘုန်းသစ်သစ်" (ကိုယ်စီကြွင်းရစ်၊ ဘုန်းသစ်သစ်) ဟု စပ်ဖွဲ့မိပြန်သည်။ မိဖုရားအပေါင်းတို့အပေါ်တွင် မချစ်၍ အလောင်းမင်းတရားကြီးသည် လူ့ပြည်မှ အသက်ဝိညာဉ်ခွဲထွက်တော်မူကြောင်းကိုလည်း–

"ဘုန်းသစ်သစ်သည်၊ မချစ်၍ရှဲ၊ တို့ကိုခွဲ" ဟု ငိုမြည်ကြပုံကို ဦးသြစကားနိမိတ်ဆင်ခဲ့ပြန်သည်။ ဤရတုကို ရေးသားဆက်သွင်းချိန်၌လည်း ဦးလေးဖြစ်သူ တွင်းသင်းတိုက်ဝန်မှာ ယိုးဒယားကြွချီမည့် အရေးတွင် မအားမလပ်အောင် စီစဉ်နေရသဖြင့် ကြိုတင်ပြီး ရတုကို မကြည့်မိခဲ့။ ဦးသြသည် ဤရတုကို အမှုမဲ့ အမှတ်မဲ့ပင် ရေးသလော၊ သို့မဟုတ် ဗေဒင်ကျမ်းနိုင်နင်းသူဖြစ်သဖြင့် သေချာစွာ တွက်ဆပြီးမှ ဘုရင်မင်းမြတ်ထံ ပြန်လမ်းမရှိတော့သည်ကို သိလေရကား အရိပ်အမြွက် ဖော်ရေးလေသလောဟု တွေးတောဖို့ ရှိလေသည်။

သို့တည်းမဟုတ်၊ ကလေး၊ သဘင်သည်၊ အရူးတို့ ပါးစပ်မှ အရိပ်နိမိတ် စကားတို့သည် အမှုမဲ့ ထွက်ပေါ်လာတတ်သည့်အတိုင်း သဘင်သည် အပါအဝင်ဖြစ်သော နန်းတွင်းစာဆိုတော်ကြီး ဦးသြ၏ ပါးစပ်မှ ဤမည်သော အရိပ်နိမိတ်တို့သည် အမှုမဲ့ပင် ထွက်ပေါ်လာလေသလော ဟူ၍လည်း တစ်ဖန် တွေးဖွယ်ရာ ရှိလေတော့သတည်း။ ။

စာပြီးနှစ်–၁၃၃၃

mgyoe.com

mgyoe.com

# ခေတ်ပြောင်းခေတ်လဲနှင့်
# စိန္တကျော်သူဦးဩ၏ ရတုလက်ရာ

မြန်စာဂုဏ်-ကျော်မြင့်

စိန္တကျော်သူဦးဩ (၁၀၉၈–၁၁၃၃) ၏ ရတုလက်ရာများကို စုစည်းကာ၊ ဘိုးတော်ရှင်ဇချင်း၊ မင်္ဂလာလူးတားတို့နှင့်အတူ၊ မြန်မာနိုင်ငံသုတေသနအသင်းက ၁၉၂၉ ခုနှစ်တွင် (ဒုတိယနှိပ်ခြင်း) ထုတ်ဝေခဲ့သည်။ စာဆို၏ ရတုများကို ဖော်ပြရာတွင် စိန္တကျော်သူဘွဲ့ဖြင့် ရေးသားဆက်သွင်းသည်ဟု မှာစာရှိသော ရတု ၄၂ စုံကို တစ်ပိုင်း၊ ရွှေတောင်ရာဇကျော်ဘွဲ့ဖြင့် ဆက်သွင်းရသည်ဟူသော ရတု ၁၂ စုံကို တစ်ပိုင်းအားဖြင့် နှစ်ပိုင်းခွဲခြား ဖော်ပြထားပေသည်။

အဆိုပါရတုလက်ရာများကို ခြုံငုံ၍ လေ့လာမှုမျိုး၊ တစ်ပုဒ်ချင်း ရွေးကောက်လေ့လာမှုမျိုးကို ယခင်က အထိုက်အလျောက် လုပ်ခဲ့ကြပြီး ဖြစ်သည်။

သို့ဖြစ်၍ စာဆို၏ လက်ရာများတွင်...

"ရွှေတောင်ရာဇကျော်ဘွဲ့နှင့် ငယ်စဉ်က ရေးသော ရတုများက၊ စိန္တကျော်သူဘွဲ့ကို ရသောအခါမှရေးသော ရတုများထက်ပင်၊ အဖွဲ့အနွဲ့နှင့်တကွ အစစမှာ သာလွန်ကောင်းနေသေးသည်ဟု အချို့ပုဂ္ဂိုလ်များ ယူကြကြောင်း (စိန္တကျော်သူဆို ရတုများ၊ ဘိုးတော်ရှင်–ဇချင်းနှင့် မင်္ဂလာလူးတား၊ တည်းဖြတ်သူနိဒါန်း၊ မျက်နှာဆ၊ မြန်မာသုတေသနအသင်း) ဖြင့် ထင်မြင်ချက်ပေးမှုမျိုး ရှိခဲ့သည်။ ထိုမှ ဆက်လက်၍ ရွှေတောင်ရာဇကျော်နှင့် စိန္တကျော်သူဘွဲ့ခံပုဂ္ဂိုလ်တို့မှာ တစ်ယောက်စီပင် ဖြစ်တန်ရာသလော။ သို့တည်းမဟုတ်၊ ဦးဩ တစ်ဦးတည်းဖြစ်လျှင်လည်း အသက်ကြီးမှရေးသော စာထက် ငယ်စဉ်က ရေးသောစာတို့က ကဗျာဉာဏ်ပိုမိုထက်သန်ခြင်းကြောင့် ပေလောဟု သို့လော

mgyoe.com

mgyoe.com
သို့လော တွေးတောမိကြသည်အထိ ဖြစ်ခဲ့ပေသည်။

ထို့ပြင် 'ဘုန်းတော်ဘွဲ့ရတုများဖွဲ့ဆိုရန် ကြီးမားလှသော အစဉ်အလာတာဝန် တစ်ရပ်သည် အလောင်းမင်းတရားကြီး လက်ထက်တော်၌ စာဆို၏ ပခုံးထက်သို့ ကျရောက်ခဲ့ရသည်' (မြန်မာစာပေဋ္ဌေခံစာတမ်း၊ ဒေါက်တာလှဖေ၊ စာ၄၃-၄၄၊ နံ့သာ ပုံနှိပ်လုပ်ငန်း၊ ၁၉၆၆) ဟူ၍လည်းကောင်း၊ စာဆို၏ ရတုများတွင် 'အချစ်ဘွဲ့မှာကား နဝဒေးကဲ့သို့ အဖွဲ့အနွဲ့ မခန့်ညား။ နတ်ရှင်နောင်ကဲ့သို့ စကားလုံးအသက်မပါ။ ဇေယျရန္တမိတ်ကဲ့သို့ အဓိပ္ပာယ်မလေးနက်။ ရှင်သံခို (ကိုယ်) ကဲ့သို့ စကားလုံး မယဉ်ကျေး လှချေ' (ယင်းစာအုပ်၊ စာ-၅၁) ဟူ၍လည်းကောင်း၊ ထင်မြင်ယူဆသူကလည်း ယူဆခဲ့ ပေသည်။

အထက်ပါ ယူဆချက်ကိုကား ယေဘုယျအားဖြင့် မှန်သည်ဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ခေတ်ပြောင်းခေတ်လဲတွင် ရင်ဆိုင်တွေ့ကြုံရသော စာပေ၏ အပြောင်း အလဲ သဘောကိုလည်း ဤနေရာ၌ ထည့်သွင်းစဉ်းစားဖို့ လိုမည်ထင်ပါသည်။ ထိုအချက် ပိုမိုထင်ရှားစေရန် စာဆို၏ ရတုများကို အချုပ်အားဖြင့် လေ့လာတင်ပြလိုပါသည်။

စိန္တကျော်သူ၏ ရတုလက်ရာများကို အကြောင်းအရာရှုထောင့်မှကြည့်လျှင် မည်သို့မျှ မထူးခြားလှဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။ နောင်တော်နောင်တော် စာဆိုများနည်းတူပင် ဘုန်းတော်ဘွဲ့၊ ရာသီဘွဲ့၊ ဘုရားတိုင်၊ ကျေးစေ၊ စစ်ချီ၊ မောင်မယ် ဘွဲ့ စသည်တို့ကို ဖွဲ့ခဲ့သည်။ သို့သော်လည်း ကျေးကိုချည်း မစေဘဲ သာလိကာမကလေး ကို စေပုံမျိုး၊ သင်ပုတ်စင်ဝယ် ဘယ်လိုက ဘယ့်နှယ်မသိ ကျီးကလေး မနားစဖူး နားလာ ကာ တစ်ခွန်းတည်း အာသည်ကို နိမိတ်ကောက်ရင်း အချစ်နှင့် ဘုန်းတော်ဘွဲ့ ရောဖွဲ့ပုံ မျိုး၊ အိပ်မက်မက်သည်ကို အခြေခံပြုကာ ရတုသီကုံးပုံမျိုးတို့ကိုကား ထူးခြားချက် ကလေးများအဖြစ် ယူလိုက ယူနိုင်စရာရှိပါသည်။

ထိုသို့ တစ်ပုဒ်တလေ၏ ထူးခြားချက်ကို ဖော်ပြရလျှင်မူ စာဆို၏ 'ခနေဖြူတွင်' ချီ စစ်ချီရတုကို ရှေ့တန်းက ထားရပေမည်။ စာဆိုသည် စစ်ချီ ရတု ၅ ပုဒ် ဖွဲ့ခဲ့သည့် အနက်၊ 'ခနေဖြူတွင်' ချီတစ်ပုဒ်တည်းသာ အစဉ်အလာကို ထိုးဖောက်ပြောင်းလဲနိုင်ခဲ့ သည်။ အစဉ်အလာ စစ်ချီရတုများသည် စစ်ချီသည်ကို အကြောင်းပြရုံမျှပြုကာ မင်းသား မင်းသမီးတို့၏ အချစ်ဘွဲ့ အလွမ်းဘွဲ့များကိုသာ ယိုးမယ်ဖွဲ့ထားတတ်ကြသည်။ 'ခနေဖြူ တွင်' ချီရတုတွင် ထိုသို့ လွန်လွန်ကဲကဲ ယိုးမယ်ဖွဲ့မှုအပြစ်ကင်းသည်။ အလောင်းမင်း တရား ဘုန်းတောက်သည့်ခေတ် မြန်မာစစ်သည်တို့ စစ်ချီတက်ရင်း ခနေဖြူဆိပ်ကမ်း တွင် ကြုံတွေ့ရသော ရန်းကန်လှုပ်ရှားမှုအတွက်ကို ပီပီပြင်ပြင် တင်ပြကာ၊ ယင်းတို့၏
mgyoe.com

mgyoe.com
အခန်းကဏ္ဍကို အမှတ်ပြုထုတ်ဖော်နိုင်ခဲ့သည့်အလျောက် တမူထူးခြားနေသည်။ 'စစ်ချီ' ဟူသော ဝိသေသကိုလည်း အပြည့်အဝ အားဖြည့်ပေးနိုင်ခဲ့သည်။

ရတုပုံသဏ္ဌာန်ပိုင်းကို ကြည့်လျှင်လည်း အချီအချ အစပ်အဟပ်တို့သည် ရှေးနည်း အစဉ်အလာအတိုင်း ဖြစ်၏။ မဟာနန္ဒာကန်တော်ဘွဲ့ အခံအလိုက် ရတုနှစ်စုံကို ကား ခံပုံ လိုက်ပုံ တစ်မျိုးတစ်နည်း ကွန့်ထားသည်ဟု အချို့က ယူဆကြသည်။ နတ်သျှင်နောင်တို့ခေတ်က အခံအလိုက်ရတုဖွဲ့ပုံမှာ အကြောင်းအရာတူကို စကားအသုံးအနှုန်း မထပ်စေဘဲ၊ အနက်သဘောအားဖြင့် တစ်ထပ်တည်းကျအောင် စကားပရိယာယ် ကြွယ်ကြွယ်ဖြင့် တစ်မျိုးတစ်နည်း စပ်ဆိုပုံမျိုးဖြစ်၏။ ပုံစံအားဖြင့် 'တသောင်းရှစ်ပြန်' ချီ မုဋ္ဌောဘုရားတိုင်ရတုကို နတ်သျှင်နောင်ကပင် 'တစ်သောင်းရှစ်မည်' ချီ ကျောက်ဆောက်ဘုရားတိုင်ရတုဖြင့် အလိုက်စပ်ပုံမျိုး ဖြစ်ပေသည်။

ဦးသြသည် ထိုအခံအလိုက်သဘောကို ယူရာတွင် သာမန်ခံရုံ လိုက်ရုံမျှသာ မဟုတ်၊ 'ချစ်၍ခေါ်သည်၊ နစ်၍ပေါ်သည်၊ ဟစ်၍ကြော်သည်' ဟူသော အချီသုံးချက်ကို 'ချစ်၍ခေါ်ရာ၊ နစ်၍ပေါ်လှာ၊ ဟစ်၍ကြော်ကာ' ဟု အသံအားရော၊ အနက်အားပါ ယူကာ လိုက်၏။ ဤသို့ပင် 'ရောက်ခါမြင်တော်မူလိမ့်မည်။ ခြောက်ရွာ ထင်တော်မူလိမ့်မည်။ မြောက်မှာ ရွှင်တော်မူလိမ့်မည်' ဟူသော အချသုံးရပ်ကို 'ရောက်ခါမြင်ရပေလိမ့်မည်။ ခြောက်ရွာထင်ရပေလိမ့်မည်။ မြောက်မှာ ရွှင်ရပေလိမ့်မည်' ဟု လိုက်သည်။ အကြောင်းအရာအားဖြင့်လည်း မဟာနန္ဒာကန်တော်၏ အကြောင်းကို အခြေတည်ကာ ချစ်သူမောင်က နန္ဒာကန်သို့ အပါခေါ်သည်ကို မယ်က မလိုက်နိုင်သေးကြောင်း ဖြေကြားဟန်ဖြင့်၊ ယှက်နွယ်ခြယ်သထားခြင်းဖြစ်သည်။ သို့သော်လည်း ဆင်ခြင်ရန်ရှိသည်မှာ စာဆိုသည် နတ်သျှင်နောင်တို့၏ အခံအလိုက်သဘောကို တစ်ဆင့်တက်၍ ကွန့်ခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်သော်လည်း၊ နတ်သျှင်နောင်ထက်ဦးသော ပြည်–နဝဒေးကြီး၏ နည်းကို ယူမှီး ရေးသားခြင်းပေလောဟူသည့်အချက် ဖြစ်ပေသည်။

စာဆိုနဝဒေးသည် သရေခေတ္တရာသူမောင်က ဟံသာဝတီသူမယ်အား မိမိဒေသသို့ လိုက်ပါရန် ခေါ်သည့်သဘောဖြင့် သရေခေတ္တရာမြို့ စည်ပင်ပုံကို ချီးကျူးဖွဲ့ဆိုထားသည့် 'လိုက်တော်မူပါ၊ ကြိုက်တော်ယူကာ၊ လှိုက်ဆော်ကူလှာ' ချီ ပိုဒ်စုံရတု (ရတုအမှတ် ၁၅၀) ကို ဖွဲ့ခဲ့သည်။ အချတွင်လည်း 'ရောက်က မြင်တော်မူလိမ့်မည်။ နတ်ပြည်ထင်တော်မူလိမ့်မည်။ နေ့တိုင်း ရွှင်တော်မူလိမ့်မည်' ဟု ချခဲ့သည်။ ထိုရတု၏ အကြောင်းအရာယူပုံသဘော၊ ရတုအချီအချ စကားသုံးပုံသဘောတို့သည် စိန္တကျော်သူဦးသြ၏ မဟာနန္ဒာကန်တော်ဘွဲ့နှင့် များစွာတူနေပေသည်။
mgyoe.com

ထို့ပြင် စာဆိုနဝဒေးသည် 'လိုက်ပါလှည့်လော့' ချီ အလားတူ မယ်ဘွဲ့တစ်ပုဒ် (ရတုအမှတ် ၁၁၅၁) ကိုလည်း ဖွဲ့ထားသေး၏။ ပြီးမှ ဟံသာဝတီသူမယ်က မိမိတို့ ရွှေပြည်လည်း အလားတူ သာယာစည်ကားသည်ပင်ဖြစ်၍ မလိုက်လိုဟု ပြန်ကြားဟန် 'လိုက်ပါဟူလည်း၊ ကြိုက်စွာတူလည်း၊ မြိုက်ရာချူလည်း' ချီ ပိုဒ်စုံအလိုက်ရတု (ရတုအမှတ် ၁၄၉) ကို စပ်ခဲ့ပုံရသည်။ အချတွင်မူ 'လှည့်ပြက်တခေါ်သာတကား။ ဝမ်းထဲမတော်ရာတကား။ နိဗ္ဗာန်အနော်မာတကား' ဟုချသည်။ ဖွဲ့ဆိုဟန်မှာမူ အချစ်သဘောပါလေဟန်မျှဖြစ်၍ မြို့ဘွဲ့ကသာ လွန်လွန်ကဲကဲ လွှမ်းမိုးနေပေသည်။

ဤအတိုင်းဆိုပါမူ စိန္တကျော်သူဦးသြ၏ အခံ-အလိုက်ရတုသည် အသံရော အနက်ပါ ပိုမိုနီးကပ်လိုက်ဖက်ခြင်း၊ အကြောင်းအရာအားဖြင့်လည်း ပြည်မြို့ဘွဲ့၊ ဟံသာဝတီမြို့ဘွဲ့ဟူ၍ တစ်ခုစီ ဖွဲ့ပုံမျိုးမဟုတ်ဘဲ၊ မဟာနန္ဒာကန်တော်တစ်ခုတွင်သာ မဏ္ဍိုင်ပြုထားခြင်း၊ မဟာနန္ဒာကန်တော်ဘွဲ့၊ မောင်မယ်အချစ်ဘွဲ့နှင့် ဘုန်းတော်ဘွဲ့တို့ကို မျှတအောင် သမထားခြင်းဟူသည့် အချက်တို့တွင် နဝဒေး၏မူလလက်ရာထက် ထူးသည်ဟု ဆိုနိုင်ပေလိမ့်မည်။ ထို့ကြောင့်လည်း မဟာနန္ဒာကန်တော်ဘွဲ့ဟု အမှတ်ပြုထားကြသော ဦးသြ၏ လက်ရာကို မဟာနန္ဒာကန် ရေသဘင်ပွဲ၌ အလောင်းမင်းတရားကြီးသားတော် သတိုးမင်းလှဘွဲ့ခံ ဗဒုံမြို့စား(ငယ်မည်ဦးဝိုင်း)နှင့် ချစ်သူ မလွန်းမယ် (နောင်-မိဖုရားခေါင်ကြီးဖြစ်မည့်သူ) တို့ အပြန်အလှန်ပေးနိုင်ရန် စာဆိုရေးပေးရသည့် မေတ္တာဘွဲ့ရတု (ရှေးဟောင်း ကဗျာပေါင်းချုပ်၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ စာ ၄၇၊ ၅၀၊ ပညာ အလင်းပြ၊ ၁၉၆၂) အဖြစ် အစဉ်အဆက် အမှတ်ပြုခဲ့ကြပေသည်။

မည်သို့ပင် ဆိုစေ စိန္တကျော်သူ၏ ရတုများကို ခြုံငုံသုံးသပ်လိုက်သည့်အခါ အဖွဲ့အနွဲ့ သင့်တင့်ခန့်ညားသည်၊ စကားအသုံးအနှုန်းရိုးသည်၊ အဓိပ္ပာယ်လည်း မလေးနက်လှ စသော အထင်အမြင်များ ပေါ်ထွက်လာသည်သာဖြစ်သည်။ မှန်ပေသည်။ ရတုခေတ်ကို နဝဒေးကြီးက ရှေ့ပြေး ထူထောင်လိုက်ပြီးနောက်၊ နတ်သျှင်နောင်တို့က ပိုမိုခိုင်ကျည်အောင် ဆက်လက်ပျိုးထောင်ခဲ့ကြသည်။ စင်စစ် နတ်သျှင်နောင်၊ ဇေယျရန္တမိတ်၊ ရှင်သံခိုတို့ကား တစ်ဂိုဏ်းသားတည်းပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ စိန္တကျော်သူ၏ ရတုများကို နတ်သျှင်နောင်တို့ အသိုက်အဝန်း၏ လက်ရာများနှင့် ယှဉ်ရှုိင်းကြည့်လိုက်သည့်အခါ၊ နတ်သျှင်နောင်တို့၏ ရတုအဖွဲ့အနွဲ့များက ပိုမိုခန့်ညားသည်၊ စကားအသုံးအနှုန်းလည်း ထူးကဲဆန်းပြားသည်၊ အဓိပ္ပာယ်လည်း လေးနက်သည်ဟု ဆိုခြင်းမှာ စင်စစ် အံ့သြစရာ မဟုတ်ပေ။ ခေတ်၏အလိုက် ခေတ်၏အကြိုက်အတိုင်း ဖြစ်တည်ခဲ့ခြင်းဟု ဆိုချင်ပေသည်။

mgyoe.com

mgyoe.com

ထို့ကြောင့်လည်း နတ်သျှင်နောင်၏ ကျော်ပေ့ဆိုသော ရတုများကို သာမန်လူတို့ လွယ်လွယ်ကူကူ ထိတွေ့ခံစားနိုင်ရန် မလွယ်ကူဘဲ ဖြစ်ခဲ့ရသည်။ ရတု ၁၅ စုံကို ရွေးထုတ်ကာ စနေမင်း (၁၀၆၀–၁၀၇၆) လက်ထက်တွင် ရွာကြီး–ရှင်ဥက္ကံသ မာလာ ဆရာတော် အဖြေရေးခဲ့ဖူးပြီ။ ဘိုးတော်ဘုရား (၁၁၃၃–၁၁၈၁) လက်ထက် သားတော် အိမ်ရှေ့မင်း ဉာဏ်တော်ပွားနိုင်ရန် သက္ကရာဇ် ၁၁၅၁ ခုနှစ်တွင် စာဆိုဦးတိုးက ဆွတ်ပျံ့ဖွယ်အောင် ရတုပိုဒ်စုံအဖြေကို ဆက်သခဲ့ရဖူးပြီ။ သိမ်မွေ့ကျစ်လျစ်လှ၍ အနက်အဓိပ္ပာယ် သိမြင်ခက်သည့် အထက်ရတုများ အပါအဝင် ရတုပေါင်း ၂၅ စုံကို၊ သံတော်ဆင့် ဇေယျသင်္ခယာ၏ တောင်းပန်ချက်အရ၊ ဆီမီးခုံရွာစား မဟာမင်းလှမင်းခေါင်ကျော် (ဦးရွှန်း)က ၁၁၈၁ ခုနှစ်တွင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ရဖူးပြီ။ ကျွန်ုပ်တို့ခေတ်သို့ ရောက်ရာတွင်ကား သာမန်လူတို့နှင့် အလှမ်းဝေးသည်ထက် ဝေးနေပြီဟုသာ ဆိုချင်ပေသည်။

ဦးဩ၏ရတုများကား ထိုသို့မဟုတ်။ ကျွန်ုပ်တို့နှင့် နီးနီးကပ်ကပ် ဖြစ်လျက်ပင် ရှိချေသေး၏။ ဤတွင် ဦးဩ၏ ရတုလက်ရာအားလုံးကို သိမ်းရုံး၍ မဆိုချင်ပေ။ စိန္တကျော်သူဘွဲ့ဖြင့် အမှတ်အသားပြုခဲ့သော စာဆို၏ လက်ရာသည် ၄၂ စုံဖြစ်ရာ၊ တစ်ဝက်ခန့်မှာ ဘုရင်နှင့် မင်းညီမင်းသားတို့ အလိုကျ ယင်းတို့စေခိုင်းသမျှကို အကြောင်းအားလျော်စွာ ရေးစပ်ခဲ့ရသည့် ရတုများနှင့် ဗဒုံမြို့သမိုင်း၊ နိမိတ်ဖြေလင်္ကာစသည်တို့ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ စာဆို၏ ပင်ကိုဟန် ပင်ကိုအသွေးတို့ကို ရတုအတန်အသင့်တွင်သာ အကဲခတ် ကြည့်ရှုနိုင်စရာ ရှိပါသည်။

စာဆို၏ စကားအသုံးအနှုန်းတို့သည် ရိုးသည်နှင့်အမျှ အဓိပ္ပာယ်တာသွား၏။ ထင်မြင်သိလွယ်သော ဥပမာကလေးများကို ပေးတတ်၏။ အောက်ပါကျီခေါ် အာလုပ်စကားကလေးကို ရှုပါဘိ။ မယ်ကလေး၏ စိုးရိမ်ဟန်အမူအရာနှင့်တကွ၊ သင်ပုတ်စင်ဝယ် နံနက်စောစောနားလာကာ အာလိုက်သော ကျီးကလေး၏ သွင်ပြင်ပါ ပေါ်လွင်လာပါလိမ့်မည်။

"ဘဲ့နှယ်လည်းရှင်။ သင်ပုတ်စင်ဝယ်၊ ရုပ်ဆင်မည်းကျော၊ ရီစောစောက၊ ဥဩသံရှည်၊ နားလာမြည်သည်၊ မြရည်လိုလို၊ ကျီးညိုညို"

ဤတွင် ကျီးကလေးကို အစဉ်အလာဖွဲ့နေကျသကဲ့သို့ တခမ်းတနား မဖွဲ့တော့ပြီ။ ရုပ်ဆင်းသွင်ပြင် နက်ကျောကျောနှင့် စောစောစီးစီးအာလာသည့် ကျီးကလေး၏ သရုပ်ကိုသာ ပေါ်လွင်အောင် ရိုးရိုးကလေး ဖော်တော့သည်။ မယ်ကလေး စိုးရိမ်ဟန် အမူအရာကိုကား၊ 'ဘဲ့နှယ်ပါလိမ့်မလဲရှင်' ဟူသော တအံ့တဩ အပြောစကားသံဖြင့် ရိပ်စားမိစေသည်။

mgyoe.com

ဆက်လက်၍–

“ချိုလည်းချိုသာ၊ ခွန်းတည်းအာသည်၊ ထိပ်ပြာကျွန်မ၊ လန့်စိုးလှ၏။”

“ဘယ်က စေပါ၊ ဘယ်အာဏာကြောင့်၊ ကျူးလှာသည်လည်း။” ဟု မယ်၏ စိုးရွံ့စိတ် သိလိုစိတ်တို့ကို ပြော...မေးကလေး မေး၍ ပေါ်လွင်စေသည်။ ကျီးကလေး တစ်ခွန်းတည်း အာလိုက်သည်ကိုပင် စစ်မြေမှ ချစ်ဆွေမောင်က သတင်းစကားစေပါး လိုက်သောကြောင့်–

“ကျည်းအင်္ဂလိပ်၊ ဆိပ်ပင်လယ်စွန်း၊ ဟိုင်းကြီးကျွန်းနှင့်၊ ရှမ်းယွန်းဂျွမ်းပြည်၊ ဦးတည်ဘုရင်၊ ရန်မျိုးစင်၍၊ အောင်မြင်ပြီဆို၊ ကြားသလို” လိုရှိလေဟန်ဖြင့် နိမိတ်ကောက် ပြီး၊ အလောင်းမင်းတရားကြီး၏ ဘုန်းတော်ကို အတင်အစား အနှိုင်းအခိုင်းမပါဘဲ ဖွဲ့ သည်။ ဤသို့ နိမိတ်ကောက်ပုံသာမှန်လျှင် စစ်ချီရာတွင် လိုက်ပါသွားရသော ချစ်သူ “မိန်းမပျို ရောက်ခွင့် (ကြုံတော့မည့်) နေ့ဘက်ထင်” ပါရဲ့ဟု အမျှော်စိုက်ကလေးဖြင့်၊ အခြောက်တိုက် ဘုန်းတော်ဘွဲ့ မဖြစ်ရလေအောင် ပိတ်လိုက်သည်။

တင်စားခိုင်းနှိုင်းမှုဖြင့် ဘုန်းတော်ကိုဖွဲ့ရာတွင်လည်း “ပင်လယ်ကြောဝယ်၊ သဘော်ာရေနန်း၊ ဘုန်းနေထွန်းက၊ ကျွန်းအလျှိုလျှို၊ ရန်ထိုထိုသည်၊ နှင်းလိုပျောက်လွင့် ဝေ့စက်ပွင့်” ဟူ၍ ဘုန်းတန်ခိုးတည်းဟူသော နေမင်းထွန်းလင်းသည်ဖြစ်ပါက ရန်ထိုထို တို့ နှင်းလိုလွင့်ပျောက်မည့်အကြောင်း၊ လူတကာ နားလည်နိုင် ခံစားနိုင်အောင် အရိုးဆုံး ဖွဲ့ခဲ့သည်။ မခက်ခက်အောင် မကြီးကျယ် ကြီးကျယ်အောင် မခမ်းနား ခမ်းနားအောင် တင်စားသုံးနှုန်း ဖွဲ့ဆိုခြင်း မပြုခဲ့ပါ။

စာဆို၏ လက်ရာတို့သည် ဆိုရဖတ်ရလည်းလွယ်သည်။ စကားလုံး ရိုးရိုးသန့် သန့်ကလေးများကို နားဝင်ချိုအောင် သီကုံးတတ်သည်။ ‘ချစ်၍ခေါ်သည်’ ‘ချစ်၍ခေါ်ရာ’ အခံအလိုက်ရတုနှစ်ပုဒ်ကား ဤအတွက် ထင်ရှားသော သာဓကများပင်ဖြစ်သည်။

ထိုသို့ လွယ်–ကောင်း–နား–ဝင်ချိုသည့် ရတုမျိုးကို စိတ္တကျော်သူဦးသြ၏ လက်ရာ များတွင်သာမက၊ ယင်းနှင့် ခေတ်ပြိုင်ဖြစ်သော စာဆို လက်ဝဲသုန္ဒရ (၁၀၈၈–၁၁၆၁ ခန့်) ၏ ရတုလက်ရာများတွင်လည်း တွေ့နိုင်ပေသည်။ ‘မဲဇာတောင်ခြေ’ ချီ၊ ‘ဝေဠုန်းစန္ဒာ’ ချီရတုတို့ကား ထင်ရှားကျော်ကြားလှသည်ဖြစ်၍ အထူးမဖော်ပြလိုတော့ပြီ။ ဤသို့ အလွန်အမင်း မခက်ခဲစေဘဲ ထင်မြင်သိလွယ်နိုင်သည့် စကားလုံးတို့ဖြင့် စာကောင်းဖြစ်လာ အောင် ရေးစပ်သည့်သဘောသည်၊ ကုန်းဘောင်ခေတ်ဦး ရတုများတွင်သာမက ပျို့ကဗျာ တွင်ပါ တွေ့နိုင်လေသည်။ လက်ဝဲသုန္ဒရနှင့် တွင်းသင်းမင်းကြီး (၁၀၈၈–၁၁၆၈) တို့၏ ပျို့များတွင် ထိုအချက်ကို သက်သေပြနိုင်မည့် သာဓကများကို ရှုမြင်နိုင်ကောင်းပါသည်။

mgyoe.com

mgyoe.com

ဤသည်ကို စိန္တကျော်သူဦးသြ၏ ရတုများသည် တောင်ငူ–ညောင်ရမ်းခေတ် ရတုများလောက် သိမ်မွေ့ခက်ခဲခြင်း မရှိ၊ အဖွဲ့အနွဲ့ ခမ်းနားခြင်းမရှိ စသည်ဖြင့် ကွက်၍ ဆိုမည်ဆိုပါက မှုမှုတတ ရှိမည်မထင်ပေ။ ထို့ပြင် ကုန်းဘောင်ခေတ်ဦး ရတု ပျို့စသော စာပေတို့ အရည်အသွေးတဖြည်းဖြည်း ကျဆင်းဆုတ်ယုတ်လာသည်ဟု လွယ်လွယ် ကောက်ချက်ချလိုက်မည်ဆိုကလည်း၊ ထိုယေဘုယျကောက်ချက်သည် ပြည့်ဝစုံလင်အံ့ မထင်ပါ။ ပဒေသရာဇ်ခေတ်အတွင်း ခေတ်ပြောင်းခေတ်လဲကလေးတစ်ရပ် ကြုံကြိုက် လိုက်ရခြင်းက၊ စာပေတွင် ယေဘုယျအပြောင်းအလဲ ဖြစ်စေခဲ့သည်ဟု ထင်ပါသည်။ ဆက်၍ ရှင်းပါဦးမည်။

သက္ကရာဇ် ၁၁၁၃–ခုနှစ်တွင် အင်းဝပျက်ပြီးနောက် အင်းဝမင်းသည် ဟံသာဝတီ သို့ပါရလေသည်။ ယိုယွင်းတိမ်းယိမ်းလာသော တိုင်းပြည်အခြေအနေကို မုဆိုးဖိုအရပ်မှ ဦးအောင်ဇေယျက ဝင်၍ ထိန်းမတ်ပေးသည်။ သူသည် ပြည်တွင်းရန်ကို သာမက ဟိုင်းကြီး ကျွန်းတွင် ပြည်ပက ဝင်ရောက်ခြေကုပ်ယူလာသော နယ်ချဲ့ရန်ကိုပါ တွန်းလှန်ဖြိုဖျက်ခဲ့ရ သည်။ တိုင်းပြည် ထူထောင်ရာတွင်လည်း ထီးနန်းအစဉ်အလာ မှတ်တမ်းမှတ်ရာကအစ အသစ်ပြန်လည် ပြုစုစေခဲ့ရသည်။ ထိုသို့ လုပ်ဆောင်မှုမှန်သမျှကို သူ၏ဆွေသားမျိုးချင်း များနှင့်တကွ ရောင်းရင်းများ၊ ပြည်သူများ၏ အင်အားကိုပါ ပေါင်းစည်းအသုံးပြုခဲ့ရ သည်။ ဤအပြောင်းအလဲ ဤလုပ်ဆောင်မှုတို့သည် အုပ်စိုးသူ လူတန်းစားနှင့် ပြည်သူတို့ အလှမ်းကွာဝေးနေမှုကို အတော်အတန် နီးကပ်စေခဲ့သည်။ သို့ဖြစ်၍ အုပ်စိုးသူ လူတန်း စားတွင်သာ အဓိက အခြေစိုက်ထားသော ထိုခေတ်စာပေသည်လည်း ပြည်သူတွေနှင့် ပိုမို နီးကပ်ကာ ပြည်သူတွေအကြားသို့ ပိုမိုပျံ့နှံ့စေရန် အပြောင်းအလဲ ဖြစ်လာရသည်ဟု ဆိုချင်ခြင်း ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်တစ်လျှောက်လုံး တွင်တွင်ကျယ်ကျယ် ဖြစ်ခဲ့သော ရကန် အဖွဲ့ကို ကြည့်ပါဦး။ ကဗျာစည်း လျော့ကျလာခြင်းပင် ဖြစ်သည်။ သျှိုးလိုက်ရတု၊ ဟောစာ ဟူသော အလားတူအဖွဲ့မျိုးသည် ပြည်သူလူထုအကြားသို့ ထိုးဖောက်ဝင်သွားနိုင်ခဲ့သည်။ နန်းတွင်းပြဇာတ် ပေါ်ပေါက်သည်မှသည် တစ်ညတွင်းချင်းကပြနိုင်သည့် ပြဇာတ်သို့ ကူးပြောင်းသွားရသည်။ အရေးတော်ပုံကျမ်း၊ ရာဇဝင်ကျမ်း၊ မေတ္တာစာ၊ ဇာတ်ဝတ္ထုစကား ပြေ စသော စကားပြေအင်အားသည် တစ်ချိန်ထက် တစ်ချိန် တိုးပွားလာသည်။ ကဗျာ လင်္ကာတွင် လွယ်–ကောင်း–ချိုသာ သဘောသည် ထီးတွင်းနန်းတွင်း ကဗျာသီချင်းများ ကို ကူးစက်ရုံမျှမက၊ ကျေးလက်တောရွာသို့ပါ ပေါက်ရောက်သည့် ကျေးလက် တေးကဗျာများ ပေါ်ထွန်းလာသည်အထိ ဦးတည်ချီတက်သွားသည်။

mgyoe.com

mgyoe.com

သို့ဖြစ်၍ ခေတ်ပြောင်းခေတ်လဲကလေးတစ်ရပ်ကို ကိုယ်တွေ့ကြုံကြုံ ဖြတ်သန်းခဲ့ရသော စိန္တကျော်သူဦးဩသည် မိမိ၏ရတုများတွင် အစဉ်အလာစာပေ သဘောကို ဆက်ခံထားသကဲ့သို့၊ စာပေအပြောင်းအလဲ မျိုးစေ့ကိုလည်း ချပေးနိုင်ခဲ့သည်ဟု ဆိုချင်ပါသည်။ ။

စာပြီးနှစ် – ၁၃၃၃

mgyoe.com

mgyoe.com

# ဦးသြ၏ အတွေးအခေါ်

မောင်ကျောက်တိုင်

သြဝါဒထူး၊ နမက္ကာရအနက်ထူး၊ သတ်ပုံထူးတို့ဖြင့် 'ထူး' တစ်လုံးဆောင်ခဲ့သော ဦးသြသည် နန်းတွင်းစာဆိုတော် မင်းမှုထမ်းသာဖြစ်လေရာ သူ့စာများတွင် ဘုန်းတော်ဘွဲ့များ ပါသည်ဟု အစွပ်အစွဲခံခဲ့ရသည်မှာလည်း မဆန်း။

ကမ်းနားသစ်ပင် ပီသလှသော ပဒေသရာဇ်ခေတ်တွင် မင်းမှုထမ်းဖြစ်ပြီး မင်းမိန့်ဖြင့် ရှေ့တော်သို့ ဆက်သွင်းရသောအခါမျိုးတွင် ဘုန်းတော်ဘွဲ့မထည့်လျှင် မည်သည့်နေရာတွင် ထည့်မည်နည်း။ သို့သော် ထူးတလုံးတော် ဆောင်ခဲ့သူ ဦးသြကား ဘုန်းတော်ဘွဲ့ထဲတွင်ပင် နိုင်ငံအကျိုးရှိအံ့သော နိုင်ငံသားတို့အကျိုးရှိအံ့သော ဆုံးမခန်းတို့ကို ညှပ်ထည့်ခဲ့သည်။ ပဒေသရာဇ် ဘုန်းတော်ဘွဲ့ထဲမှ "လူထုအတွက် ရနိုင်သမျှ အမြတ်ထုတ်ခဲ့သည်"။ လွတ်လပ်သော ပဒေသရာဇ်မင်းတို့အား "ကြိမ်" တို့ပေးခဲ့သည်။ ကြေးစည်သံဖြင့် သံဝေဂသတိပေးခဲ့သည်။ ကျမ်းဂန်နတ်ပူး၍ ဆုံးမခဲ့သည်။ ဤသို့ အလိမ္မာဖက်၍ လမ်းညွှန်ခဲ့သော မင်းဆုံးမခန်းကို ကဝိလက္ခဏာ သတ်ပုံထဲတွင် အထင်အလင်း တွေ့နိုင်သည်။

"ကနက်ကဒဏ်၊ ရွှေနှင့်ဖန်၊ မြမှန်စိန်သန္တာ" ဟူသော အပိုဒ်မှာ သာမန်အားဖြင့် ဘုန်းတော်ဘွဲ့ဖြစ်သည်။ မင်းအသုံးအဆောင် အထွတ်အမြတ်ဖြစ်သော ကနက္ကဒဏ်ထီးကို ချီးပထားခြင်း ဖြစ်သည်။ သို့ရာတွင် ဦးသြသည် ဤဘုန်းတော်ဘွဲ့နှင့် ညှပ်ပြီး ဆင့်ပွား အဓိပ္ပာယ်တစ်ခုကိုလည်း ထည့်သွင်းခဲ့သည်။ ထိုထပ်ဆင့် အဓိပ္ပာယ်မှာ နိုင်ငံရေးအဓိပ္ပာယ်ဖြစ်သည်။ ကနက္ကဒဏ်ထီးကို မည်သည့်အချိန်ဆောင်းရသနည်း။ မင်းဇေကရာဇ်၏ အထွတ်အထိပ်ရောက်သော ရာဇဘိသိက်တွင် ပါဝင်ရသော မင်းမြောက်တန်ဆာ

mgyoe.com

ငါးပါးအနက် အရေးပါဆုံးတန်ဆာ ဖြစ်သည်။ ယင်းရာဇဘိသိက်၏ အဓိပ္ပာယ်ကား အဘယ်နည်း။ ရာဇဘိသိက်ဆိုသည်မှာ တိုင်းသူ ပြည်သားနှင့် ဘုရင်တို့အကြား နှစ်ဖက် ပဋိညာဉ် Contractပြုခြင်းဖြစ်သည်။ တိုင်းသူပြည်သားတို့က ဘုရင်မင်းမြတ်ကို လေးစား ကြည်ညိုရမည်၊ ဘုရင်ပေးသော တာဝန်နှင့် အမိန့်ကို နာခံပါမည်ဟု ကတိပြုသည်။ ဘုရင့်ဘက်ကလည်း တိုင်းသူပြည်သားတို့အား မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်ပါမည်၊ အဂတိလိုက်စားခြင်း မပြုဘဲ၊ ကျောသားရင်သား မခွဲခြားဘဲ ရှေးအဆက်ဆက်သော ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့ လိုက်နာကျင့်သုံးခဲ့သော အပရိဟာနိယတရား၊ ရာဇဝတ်၊ ရာဇသတ်၊ ဓမ္မသတ်တို့နှင့်အညီ တရားသဖြင့် တော်တည့်မှန်ကန်စွာ အုပ်ချုပ် ပါမည်ဟူသော ပဋိညာဉ်ပြုသည့် အခမ်းအနားပင် ဖြစ်သည်။ အာဏာယစ်မူးအံ့သော ပဒေသရာဇ်မင်းအား ဤအစဉ်အလာကို သတိရပြီး မင်းကျင့်တရားနှင့်အညီ အုပ်စိုးစေရန် သတိပေးခြင်း ဖြစ်သည်။ ဤအဆိုကို အခြားသော အပိုဒ်များကလည်း ထောက်ခံလျက် ရှိ၏။ ဥပမာ ဤသို့ရှေးမင်းတို့ ကျင့်ထုံးကို လိုက်နာရန်အတွက် "ရှေးရှေးထုံးစံ၊ ရှာကျိုးနှံ၊ သင်အံ့လေ့လာမြဲ" ဟု လည်းကောင်း၊ ရာဇဓမ္မတရားနှင့်အညီ ကျင့်ရန်အတွက် "ဆယ်ပါး နက်စံ၊ ရာဇခံ၊ တရံမဖောက်လှဲ" ဟု လည်းကောင်း၊ ဤရာဇခံတရား ဆယ်ပါးကို ထပ်မံ၍ ငါးနှစ်တန်ဟူသော စကားဝေဝုစ်ဖြင့် "အမျက်ငြိမ်းရန်၊ ငါးနှစ်တန်၊ ကျမ်းဂန်မုချ လာ" ဟု ထပ်တလဲလဲ လိမ္မာပါးနပ်စွာ အာဂမယုတ္တိမိမိဖြင့် သတိပေးခဲ့သည်။

ပြည်တွင်း၊ အုပ်ချုပ်ရေးတွင်းလည်းကောင်း၊ နိုင်ငံခြား ဆက်သွယ်ရေးတွင် လည်းကောင်း၊ မင်းတို့တွင်ရှိအပ်သော ပရိယာယ်၊ ဝေဝုစ်၊ ဥပါယ်တို့ကို ရာဇဝင်၊ မဟာ ဝင်မှ ထင်ရှားသော အဖြစ်အပျက်နှင့် သာဓကပြု၍ သတိပေးပါသည်။ "မင်းပရိယာယ်၊ ငတင့်တယ်၊ နားဝယ် မလယ်ရှာ" ဟူရာ၌ အင်အားအဆမတန် ကြီးမားနေသော အန်တု နိုင်မည့်သူကို ပရိယာယ် ဖက်၍ အနိုင်ယူခဲ့ပုံကိုလည်းကောင်း...

"တရုတ်သေနိန်၊ ကျော်သံရှိန်၊ သံစိန်ယော်ဓာမင်း" ဟု ပုဂံအပျက် ရှမ်းညီနောင် တို့ မြင်းစိုင်းမှနေ၍ ကျူးကျော်လာသူ တရုတ်တို့ကို ခုခံရေးစစ်ပွဲ ဆင်နွှဲခဲ့စဉ်က ဥပါယ် တံမျဉ်သုံး၍ မိမိထက်အင်အားကြီးမားသော တရုတ်တို့ကို မောင်းထုတ်ခဲ့ပုံကို သက်သေ ထုတ်ပြသည်။ မင်းရိုးဖြစ်သော စောနစ်နှင့် ပုဂံမှူးမတ်တို့က တရုတ်ပြည်သို့ စစ်ကူတောင်း ရာ ဥတည်မင်း၏ စစ်သူကြီး သံစိန်တိမ်စင်၊ ယောဓာတိမ်စင်တို့ ဦးစီးသော စစ်သည် ၉ သိန်းပါသော တပ်ကြီးအား ဥပါယ်တံမျဉ် လာဘ်ထိုးခြင်းဖြင့်၎င်း၊ မင်းမျိုးရိုးတင်ရန် လာသူတို့ကို မင်းရိုးဖြစ်သူ ကျော်စွာ ခေါင်းဖြတ်၍ ခေါင်းပြတ်ကြီးကိုပြခြင်းဖြင့်လည်း ကောင်း၊ ဥတည်မင်းနှင့် ဖြစ်အံ့သောပဋိပက္ခကို ပရိယာယ်ဖြင့် "ရှုံးလို့သာနိုင်သည်"

mgyoe.com
ဟူသော ဗိုလ်ချုပ်စလင်း၏ ထုံးအတိုင်းအရှုံးထဲမှ သင်းတွဲတူးမြောင်းပင် အမြတ်ထွက်ခဲ့သည်။

ပဒေသရာဇ်ပင် ဖြစ်လင့်ကစား တိုင်းပြည်အုပ်ချုပ်ရေးတွင် အာဏာဇက် သတ်ထားသော ရာဇဓမ်၊ ဓမ္မသတ်၊ ရာဇသတ်၊ ရာဇဓမ္မသင်္ဂဟစသော ကန့်သတ်ချက်များ ရှေးမင်းကောင်းတို့၏ ကျင့်ထုံးများဖြစ်၏။ ကျေးပိုင်ကျွန်ပိုင်ခေတ်နှင့် စာသော် ပဒေသရာဇ်ခေတ်သည် တိုးတက်လာသောခေတ် မဟုတ်ပါလော။ ထို့ကြောင့် ပဒေသရာဇ်ခေတ်တွင် တရားလက်လွတ် မဖြစ်အောင် အထိန်းအချုပ် ဥပဒေဖြစ်သော မင်းကျင့်တရား၊ ရာဇဒဏ် စသည်တို့ ပေါ်ပေါက်လာခြင်းဖြစ်သည်။

အဘယ်ကြောင့် ဆိုသော် ပဒေသရာဇ် စနစ်သည် သူတို့ခေတ်နှင့် သူတို့ တိုးတက်သောခေတ် ဖြစ်သောကြောင့် မင်းဆိုးမင်းညစ်များသာ တစ်ဆင့်တိုးတက်လာကာ ဤအထိန်းအချုပ်ကို ဖောက်ဖျက်လေ့ရှိ၏။

ဤသို့သော ရှေးမင်းကောင်းမင်းမြတ်တို့၏ ကျင့်ထုံးဖြစ်သော 'နဝရတ်ကိုးသွယ်' ဩဝါဒအရ 'ပြည့်အန္တရာယ်၊ ဖြစ်စဖွယ်၊ ပြည်စွယ်မချိုးရာ' ဟူသော ဆောင်ပုဒ်သံပေါက်ဖြင့် ပဒေသရာဇ်၏ ဒေါသအခိုးကို ငြိမ်းသတ်ခဲ့သည်။ တိုင်းပြည်ငြိမ်းချမ်းသာယာအောင် ဆောင်ရွက်ရေးအတွက် ဘုရင်မင်းခေါင်က စည်းတပစ် အမတ်ကြီးကို ခေါ်၍မေးမြန်းရာ စည်းတပစ်အမတ်ကြီးက မင်းတို့မည်သည် ပြည့်တံခွန်ကိုမလှဲရာ၊ ပြည့်ဦးကင်းကို မနှိမ်ရာ၊ ပြည့်မျက်လုံးကို မဖောက်ရာ၊ ပြည့်မျက်နှာကို မဖျက်ရာ၊ ပြည့်ခြေလက်ကို မဖြတ်ရာ၊ ပြည့်ဝမ်းကို မဖောက်ရာ စသဖြင့် မင်းတို့ အမြဲတစေ လိုက်နာဝတ်ဆင်အပ်သော မင်းကျင့်စလွယ် ၉ ပါးကို အမြဲဝတ်ဆင်ပါက တိုင်းပြည်သာယာအေးချမ်းမည်ဖြစ်ကြောင်း တင်လျှောက်ခဲ့သည်။ ဤထုံးကို နှလုံးမူ၍ ဦးဩက ပဒေသရာဇ်မင်းအား ပြည်၏အစွယ်ဖြစ်သော မင်းညီမင်းသားများကို မချိုးနှိမ်ရန် သတိပေးခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်၏ ဒုတိယခေါင်းဆောင်များ ဖြစ်သော မင်းညီမင်းသားများသည် တိုင်းပြည်အန္တရာယ် ကျရောက်ချိန်တွင် တိုင်းပြည်အတွက် ခုခံတိုက်ခိုက်ပေးမည့် ပြည်၏လက်နက်၊ ပြည်၏ အစွယ်ဖြစ်ရာ ဤလိုလူစွမ်းကောင်းများကို နှိမ်နင်းချိုးဖျက်ခြင်းဖြင့် တစ်နေ့တိုင်းပြည်အန္တရာယ် ကျရောက်သောအခါ လက်နက်မဲ့ဖြစ်သွားမည်ကို ထင်ရှားအောင် ပြလိုက်ခြင်းဖြစ်သည်။ ထို့ထက် လေးနက်အောင် တွေးမည်ဆိုက ၂၀ ရာစုတွင် ခေတ်စားလာသော Balance Of Power ခေါ် ပဒေသရာဇ်မင်းအာဏာကို မင်းညီမင်းသားလူစွမ်းကောင်းများဖြင့် မဲတင်းထားရန် ဖြစ်သည်ဟု ယူသော်ရကောင်းပါ၏။

မင်းကောင်းမင်းမြတ်ဖြစ်သော (သူ့ခေတ်နှင့်သူ) နော်ရထာ၊ ရွှေနန်းကြော့ရှင်နှင့်
mgyoe.com

mgyoe.com

ကျစ္စာမင်းတို့အား 'နော်ရထာ့ကံ၊ အရဟံ၊ ခုန်ပျံကျလှာဝဲ'၊ 'ရွှေနန်းကြော့ထံ၊ အသေခံ၊ ရေနံ့သာစားပွဲ'၊ 'နန္ဒပကြံ၊ မတ်ရဲစံ၊ ရှင့်ထံနေစမြဲ' ဟူသော စာပိုဒ်တို့ဖြင့် ထုတ်ဖော်ချီးကျူးသကဲ့သို့ပင် မင်းဆိုးမင်းညစ်တို့အားလည်း 'စလေငခွေး၊ မင်းခွေးချေး၊ လူရေးပျက်တော့သည်'၊ 'တရုတ်ကျဆဲ၊ နန်းတော်လွှဲ၊ မင်းရဲကျော်ခေါင်အား'၊ 'ကြည်စိုးညီထွေး၊ စုက္ကတေး၊ ကိုယ်ရေးကိုဖျက်သည်' ဟူသော ရာဇဝင်လာ မင်းညစ်များ၏ အဖြစ်တို့ကို တန်းစီ၍ ပြခဲ့သည်။

စလေငခွေးကား အငြိုးကြီးသူ၊ ပြည်သူမှူးမတ်တို့အား ညှဥ်းဆဲနှိပ်စက်သူဖြစ်သည်။ အငြိုးကြီးသူဖြစ်သဖြင့် သခင်ဟောင်းနှင့်တူသူကို ရေကန်ထဲကန်ချပြီး ဆင်ပေါ်က လှံနှင့်ထိုး၍ ညှဥ်းဆဲခဲ့သည်။ တရားလက်လွတ် ညှဥ်းဆဲလွန်း၍ မှူးမတ်များက စလေငခွေးကို ရှံ့တုံးများနှင့် ပစ်ခတ်၍ သတ်ပစ်ရသည်။ တရုတ်ပြေးမင်းခေါ် မင်းခွေးချေးကား ရာဇဝင်တွင်သူဖြစ်၍ အမျက်စောင်မာန်ကြီးသူဖြစ်ကြောင်း၊ ကြမ်းကြုတ်ကြောင်း၊ ကိုယ်ကျိုးရှာကြောင်းကို အားလုံးအသိပင်။

မင်းရဲနန္ဒမိတ်သည် ဗောင်းတော်ငြိမ့် မှူးမတ်တို့၏ စကားကို နားမထောင်မိ၍ တရုတ်ဥတည်မင်းကြီးနှင့် စစ်မက်ဖြစ်ပွားရာ ရာဇမိတ်ပျက်ပြီး တိုင်းပြည်ပျက်ခဲ့ရသည်။ ထို့ကြောင့် တိုင်းပြည် စီးပွားရေးနှင့် စာရိတ္တမဏ္ဍိုင်တို့ ယိုယွင်းလာလေရာ နန်းတွင်း၌ ရိက္ခာပြတ်ကုန်လေသည်။ ထို့ကြောင့် နန်းတွင်းသူ မမများကိုယ်တိုင် 'နန်းတွင်း ရိက္ခာဆိုင်ကြီး' ဖွင့်၍ ရောင်းချခဲ့ကြသည်။ ဤအခြေအနေသို့ ရောက်လာသောအခါ မင်းရဲနန္ဒမိတ်သည် ညီတော် မင်းရဲကျော်ခေါင်အား နန်းလွှဲ၍ သူ၏ဇာတ်ရှုပ်ကြီးကို နိဂုံးချုပ်ခဲ့သည်။

စုက္ကတေးသည် နော်ရထာ (အနုရုဒ္ဓါ)နှင့် အဖေတူအမေကွဲ ညီအစ်ကိုဖြစ်သည်။ ကြောင်ဖြူမင်း၏ သားများချည်း ဖြစ်သည်။ ခမည်းတော်ကို မလိမ့်တပတ်ဖြင့် တောရကျောင်းပို့ပြီး နန်းတက်ကာ နော်ရထာ၏ မယ်တော်၊ မိမိ၏မိထွေးတော်သူကို တော်ကောက်၍ မိဖုရားမြှောက်ခဲ့သဖြင့် ပုတ္တလင် (သားလင်) ဟူ၍ ရာဇဝင်တွင်ခဲ့သည်။ ခမည်းတော်၏နန်းကို လုရဲခြင်းနှင့် ခမည်းတော်၏ မယားကို ခိုးရဲခြင်းမှာ စုက္ကတေး စရိုက်ဆိုး၏ ခေါင်းနှင့် ပန်းသာ ဖြစ်ခဲ့သည်။

မင်းဆိုးမင်းညစ်တို့၏ သွားရာ နောက်ဆုံးလမ်းကို သူ့သခင်ဘုရင်အား ဦးသြက ညွှန်ကြားရင်းဖြင့် ဤသို့မဖြစ်စေရန် မင်းဆုံးမစာကို သူ၏ သတ်ပုံတွင် မသိမသာ ထည့်သွင်းခဲ့သည်။

ထို့အပြင် ပညာရှိ မှူးမတ်များ၊ ပညာရှိ ဆရာတော်များကို ကိုးကွယ်၍ အကြံဉာဏ်လဲခြင်းဖြင့် တိုင်းပြည် ငြိမ်းအေးသာယာအောင် ပြုလုပ်ခဲ့သော ရှေးထုံးများကိုလည်း

mgyoe.com

mgyoe.com
ဤသို့ပြခဲ့သေးသည်။ ၎င်းတို့မှာ–

ရာဇသင်္ကြံ၊ ပညာလျှံ၊ ပုဂံပြည်လုံးကဲ။
နန္ဒပကြုံ၊ မတ်ရဲစုံ၊ ရှင်ထံနေစမြဲ။
ရာဇသင်္ကြံ၊ အင်းဝခံ၊ ကျော်လျှံသုံးဆယ်ပွဲ။
အမျက်ငြိမ်းရန်၊ ငါးနှစ်တန်၊ ကျမ်းဂန်မုချလာ။
နော်ရထာ့ကံ၊ အရဟံ၊ ခုနှစ်ပျံကျလှာဝဲ။

ပုဂံခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ်တို့မှ တိုင်းပြည် အကျိုးပြုခဲ့သော ရဟန်းပညာရှိ၊ လူပညာရှိများကို မင်းဆရာ မြှောက်ခဲ့ကြောင်း သာဓကများကို ထုတ်နုတ်၍ ပြသခဲ့သည်။

ပြည်ထဲရေး၊ နိုင်ငံအရေး၊ အုပ်ချုပ်ရေးတွင်သာ ဦးဩသည် စိတ်ဝင်စားခဲ့ပါသလား၊ မကသေးပါ။ ၂၀ ရာစုနှစ် နောက်ဆုံး 'အစိတ်' တွင်မှ ခေတ်စားလာသော အတွေးအခေါ် တော်လှန်ရေး (ဝါ) အစွဲတော်လှန်ရေးကိုလည်း သူ့ခေတ်၊ သူ့အတိုင်းအတာနှင့် သူ ဆောင်ရွက်ခဲ့သေးသည်ကို ကဝိလက္ခဏာတွင် တွေ့ရသည်။

ကုန်းဘောင်ခေတ်ဦးတွင် ပွဲကျောင်း သာသနာသည် အနှံ့အပြားတည်ရှိဆဲဖြစ်သည်။ ပုဂံခေတ်မှ အနော်ရထာ နှိပ်နင်းလိုက်သဖြင့် ပုဂံဌာနချုပ်ကြီးမှ လွင့်စဉ်ပြန့်ကားသွားသော အရည်းကြီးတို့သည် ကုန်းဘောင်လက်နက်နိုင်ငံကြီး အကြိုအကြားအနှံ့အပြားတွင် အခြေချနေကြသည်မှာ ဘိုးတော်လက်ထက် ဒုတိယအကြိမ် နှိမ်နင်းရေးလုပ်ခါမှ တောကြို အုံကြားသို့ ရောက်သွားသည်။ ကုန်းဘောင်ခေတ်ဦး ဦးဩ နန်းတွင်းခစားစဉ်က ပွဲကျောင်းသာသနာရှိဆဲဖြစ်ရာ ထေရဝါဒဂိုဏ်းမှာ တစ်ပြည်လုံးကို မခြုံငုံမိသေးပေ။ ထို့ကြောင့် ပုဂံခေတ်က အနော်ရထာမင်းနှင့် ရှင်အရဟံ တို့ပူးပေါင်း၍ အရေးကြီးသော သာသနာကို နှိမ်နင်းခဲ့ပုံကို 'အနော်ရထာ့ကံ၊ အရဟံ၊ ခုနှစ်ပျံကျလှာဝဲ' ဟု စပ်ဆိုသတိပေးခဲ့သည်။ သို့သော် ဟံသာဝတီမင်းတရားလက်ထက် ရေးခဲ့သော ဤသတိပေးစာမှာ အလောင်းဘုရားနှင့် ဆင်ဖြူရှင်တို့ကို လွန်လာပြီး ဘိုးတော်ဘုရား လက်ထက်ကျမှ အကောင်အထည်ပေါ်တော့သည်။ ဦးဩကား အမြော်အမြင်ကြီးပေစွ။

ပုဂံခေတ် ဗျတ်ဝိဗျတ်တ္တနှင့် ရွှေဖျဉ်းကလေးတို့မှစ၍ နွယ်ပင်ရိုက်လာသော နတ်ကိုးကွယ်မှုသည်လည်း ကုန်းဘောင်ခေတ် တိုင်အောင်ပင် အင်အားကောင်းဆဲ၊ အမြစ်တွယ်ဆဲဖြစ်သည်။ တိုင်းပြည်စည်းလုံးရေးတွင် ဘာသာရေး၊ ကိုးကွယ်ရေးတို့ ကွဲပြားနေပါက မည်သို့ အောင်မြင်နိုင်အံ့နည်း။ ရှေးမင်းမင်းတို့သည် တိုင်းပြည် စည်းလုံးရေးဆောင်ရွက်ရာတွင် ယုံကြည်မှု (ဝါ) ဘာသာရေး စည်းလုံးမှုကိုပါ ဆောင်ရွက်ခဲ့သည်
mgyoe.com